# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 8 March 2023 ၁၁၀၃၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် ခိုင်မာပြီးသေချာမှုရှိသည့် လုပ်ငန်းတစ်ခုပင်ဖြစ်

# နို့စားနွား မွေးမြူရေးလုပ်ငန်းများကို ရှမ်းပြည်နယ်အတွင်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါက နို့ထွက်ပစ္စည်းအများဆုံးထုတ်လုပ်နိုင်သည့် ပြည်နယ်တစ်ခု ဖြစ်လာမည်

**နေပြည်တော် မတ် ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါက်တာကျော်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။

## ယနေ့ ဖတ်စရာ


**လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များ တင်သွင်းရောက်ရှိ**



စာမျက်နှာ » ၁၀

**နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ EV Charging Station များကို မတ်လအတွင်း အပြီးတည်ဆောက်သွားမည်**

စာမျက်နှာ » ၁၁

**မှားမှန်းသိရင် ပြင်လိုက်မယ်**

စာမျက်နှာ » ၁၆

**ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု (၂၅)**

စာမျက်နှာ » ၁၇

ကြေးမုံ

# တပ်မတော်နှင့်အတူလက်တွဲ ငြိမ်းချမ်းသာယာဝပြောမှုကိုဆောင်ကြဉ်း

“တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော် လုံခြုံရေး၊ ကာကွယ်ရေး၊ နိုင်ငံသူနိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ရေးပင်ဖြစ်သည့်အတွက် မိမိတို့တာဝန်များကို မှန်မှန်ကန်ကန်ဖြင့် ကျေပွန်စွာထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မတ်လ ၆ ရက်နေ့တွင် ကလောတပ်နယ်၌ ပြောကြားခဲ့သည်။

တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ ပြည်သူများထဲမှ ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်သည်။ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများနှင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ တပ်မတော်သည် မြန်မာနိုင်ငံကို အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ပေါ်ပေါက်လာရေးအတွက် စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ခေတ်အဆက်ဆက်တွင်လည်း မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန် ပြည်တွင်း/ပြည်ပ အန္တရာယ်အမျိုးမျိုးတို့ကို အသက်၊ သွေး၊ ချွေးတို့ ရင်းနှီးပေးဆပ်၍ ကာကွယ်စောင့်ရှောက်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး သမိုင်းကြောင်းတစ်လျှောက်တွင် ပြည်တွင်းပြည်ပ အန္တရာယ်အမျိုးမျိုးတို့ကြောင့် ဖြစ်ပေါ်လာသည့် ပြည်ထောင်စုကြီး ပြိုကွဲလုနီးပါးဖြစ်လာချိန်တွင်လည်းကောင်း၊ တရားဥပဒေစိုးမိုးမှု ပျက်သုဉ်းလာချိန်တွင်လည်းကောင်း နိုင်ငံတော်အစွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကို တာဝန်ယူကာကွယ်ခဲ့သည်။ တပ်မတော်သည် ကာကွယ်ရေးတာဝန်သာမက လိုအပ်ပါက အမျိုးသားရေးတာဝန်အဖြစ် နိုင်ငံတော်အုပ်ချုပ်ရေးတာဝန်၊ နိုင်ငံတော်တည်ဆောက်ရေးတာဝန်၊ နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာဝပြောရေးတာဝန်များအား နိုင်ငံတော်နှင့်ပြည်သူအကျိုးကိုရှေးရှု၍ ကျေပွန်စွာထမ်းရွက်လျက်ရှိသည်။

တပ်မတော်သည် ပထဝီနိုင်ငံရေးနှင့် ပြည်တွင်းနိုင်ငံရေး အခြေအနေများအရ သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။ (၂၀၀၈ ခုနှစ်)ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)ပါ အခြေခံမူများတွင် “နိုင်ငံတော်သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးနှင့် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်”ဆိုသည့် အချက်များနှင့်အညီ ထမ်းဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော လက်နက်ကိုင်ပဋိပက္ခများမှာ ယနေ့ထက်တိုင် ချုပ်ငြိမ်းခြင်းမရှိသေးပေ။ မျက်မှောက်ကာလတွင် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုစည်းနေထိုင်ကြသည့် ပြည်ထောင်စုကြီးကို ပြည်တွင်း/ပြည်ပမှ အမျိုးမျိုးအဖုံဖုံ ခြိမ်းခြောက်နှောင့်ယှက်မှုများရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ နှစ်ပေါင်းများစွာ မငြိမ်းချမ်းသောအခြေအနေများကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ လိုအပ်လျက်ရှိသည်။ ထိုအချိန်တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးကို ပျက်ယွင်းစေမည့် ပြည်တွင်း/ပြည်ပမှ သွေးထိုးလှုံ့ဆော်မှု၊ နှောင့်ယှက်ဖျက်ဆီးမှုများပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းတို့ကို ကာကွယ်ရန်နှင့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။

လက်ရှိတွင် နိုင်ငံ၏သမိုင်းကြောင်းနှင့် နောက်ခံအကြောင်းတရားများကို မျက်ကွယ်ပြုပြီး တပ်မတော်အပေါ် မဟုတ်မမှန်စွပ်စွဲမှုများ၊ သွေးထိုးနှောင့်ယှက်ဖျက်ဆီးမှုများရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ တိုင်းပြည်တစ်ပြည်တွင် အင်အားတောင့်တင်းခိုင်မာသော တပ်မတော်တစ်ရပ်ရှိမှသာ ထိုတိုင်းပြည်သည် အစွန့်ရှည်တည်တံ့ခိုင်မြဲခြင်း၊ တည်ငြိမ်အေးချမ်းခြင်း၊ ကျင့်သုံးနေသော နိုင်ငံရေးစနစ်တည်တံ့ခိုင်မြဲအောင် ကာကွယ်နိုင်ခြင်းတို့ကို ရရှိနိုင်မည်ဖြစ်သည်။ အထူးသဖြင့် ထိုတိုင်းပြည်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို အဓိကကာကွယ်စောင့်ရှောက်ပေးမည့်သူမှာ ထိုတိုင်းပြည်၏ တစ်ခုတည်းသော တပ်မတော်ပင်ဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားလူမျိုးတစ်ရာကျော် စုစည်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံကြီးအစွန့်ရှည်တည်တံ့ခိုင်မြဲရေးတွင် တပ်မတော်၏အခန်းကဏ္ဍမှာ အရေးကြီးကြောင်းကို သမိုင်းကြောင်းတွင် တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူအားလုံး အတူပူးပေါင်းလက်တွဲပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေး၊ အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝမြင့်မားတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထား ဆောင်ရွက်ရေး။

★ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၇**

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီ တည်ထောင်လိုသော **ဝံသာနုပါတီနှင့် ဒီမိုကရက်တစ်ပါတီ**တို့သည်လည်းကောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People’s Party (KSPP)]** သည်လည်းကောင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီ တည်ထောင်ခွင့်၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရလျှောက်ထားသောပါတီ ခြောက်ပါတီရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ လျှောက်ထားသောပါတီ ၁၁ ပါတီဖြစ်၍ စုစုပေါင်း ၁၇ ပါတီ ဖြစ်သည်။ ယင်း ၁၇ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ငါးပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ၁၂ ပါတီဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၇ - ၃ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၂၀၀ | ၃၀၀ | ၂,၄၆၀,၀၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၅၀ | ၃,၈၉၅ | ၁၂,၄၆၄,၀၅၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၁၀ | ၇၅,၀၀၀ |
| FPB | ၁,၆၅၀ | ၁,၆၅၀ | ၀ | ၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၂၉ | ၇၆,၈၅၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၃၅ | ၉၁,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၇၀ | ၃၄၃,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၃၈.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၂.၉၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၇၉၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၉.၅၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၅၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၃.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၆၀.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၄၆.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၁.၁၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

☆ ရှေ့ဖုံးမှ

## MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား တစ်ဦးချင်းတင်ပြဆွေးနွေး

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အကြီးစား၊ အလတ်စားနှင့် အငယ်စားစက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သီးနှံများထုတ်လုပ်လျက်ရှိမှု၊ စက်မှုဇုန်များအလိုက် လုပ်ငန်း များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်မှု သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိမှု၊ တန်ဖိုးမြှင့်စီးပွားရေးထုတ်ကုန်များ ထုတ်လုပ်လျက် ရှိမှု၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု (One Village One Product) များ ဆောင်ရွက်လျက်ရှိမှု၊ ထုတ်ကုန်ပြပွဲများကျင်းပပေးနိုင်မှု၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးထားမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များက ဆွေးနွေးတင်ပြကြရာ "လွယ်မွေ" ကုမ္ပဏီလီမိတက်မှ ဦးအောင်ဝင်း၊ "မိုးကောင်းကင်" ကယားဝက်အူချောင်းလုပ်ငန်းမှ ဒေါ်ခိုင်စိုးသူ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးခင်အောင်၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါက်တာစိုင်းလုံ၊ "SHAN Orchard" ထောပတ်ဆီ ထုတ်လုပ်မှုလုပ်ငန်းမှ ဦးမျိုးသက်လွင်နှင့် တက်ရောက်လာကြသူများက ဒေသထွက် မိရိုးဖလာစားသောက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိမှုနှင့် ပြည်ပဈေးကွက်ဖြန့်ချိရေးနှင့် ကုန်ထုတ်လုပ်မှုများ ပိုမိုတိုးတက်အောင် ထုတ်လုပ်နိုင်ရန်အတွက် ဖြေရှင်းရမည့်ကိစ္စရပ်များ၊ ရှမ်းပြည်နယ်မှ ထွက်ရှိသည့် သစ်သီးဝလံနှင့် ပန်းမန်များကို ပြည်ပနိုင်ငံများသို့ ထုပ်ပိုးတင်ပို့ရောင်းချလျက်ရှိမှု၊ အဓိကထွက်ကုန်ဖြစ်သည့် ထောပတ်စိုက်ပျိုးမှုများကို တိုးချဲ့စိုက်ပျိုးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးချဲ့ထုတ်လုပ်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုချေးငွေများ လိုအပ်လျက်ရှိမှု၊ ထောပတ်သီးများကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန်အတွက် နိုင်ငံတော်မှ G to G စနစ်ဖြင့် ဆောင်ရွက်ပေးစေလိုမှု၊ သစ်သီးများကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်လိုအပ်မှု၊ မွေးမြူရေးလုပ်ငန်းများအတွက် သုတေသနပြုဓာတ်ခွဲခန်းများအဆင့်မြှင့်တင်ရာတွင် နိုင်ငံတော်က ကူညီပံ့ပိုးပေးစေလိုမှုနှင့် လုပ်ငန်းတိုးချဲ့ရေးအတွက် မြေနေရာရရှိနိုင်ရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှုလမ်းများနှင့် လျှပ်စစ်မီး လိုအပ်ချက်ရှိမှု၊ နောင်တရားဒေသတွင်း စိုက်ပျိုးဖြစ်ထွန်းသည့် အာလူးစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးစေလိုမှု၊ ပုဂ္ဂလိကဆေးရုံများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးစေလိုမှု၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဆန်စက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စပါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည့် နည်းပညာများနှင့် အရင်းအနှီးများ ပေးလျက်ရှိမှု၊ မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ သွင်းအားစုများ ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ လက်အောက်ရှိ နယ်မြေခံဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားပေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် စက်မှုမှတ်ပုံတင်ခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ တရားမဝင် (Food Security)ကို အလေးထားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစားအသောက်ထုတ်ကုန်များနှင့်ပတ်သက်၍ FDA စည်းကမ်း၊ ခွင့်ပြုချက်များရရှိရန် သတ်မှတ်အရည်အသွေးများ ပြည့်မီရန်လိုကြောင်း၊ မိမိထုတ်လုပ်သည့် စားသောက်ကုန်များ၏ အရည်အသွေးမပြည့်မီမှုများကြောင့် စားသုံးသူများ ဘေးအန္တရာယ်ဖြစ်ပွားမှုမရှိစေရေး လိုအပ်သည့် စစ်ဆေးမှုများကို စနစ်တကျ ခံယူပြီးမှသာ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးကြရမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်း ထုတ်လုပ်သည့်ရက်၊ ကုန်ဆုံးရက်များကို

❖ **ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ကုန်ကြမ်းပစ္စည်းများကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်**

❖ **မိမိတို့နိုင်ငံတွင် နို့နှင့်နို့ထွက်ပစ္စည်းများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရပြီး နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ပြည်တွင်း၌ စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းနေရမှုများ များစွာ လျော့ကျသွားမည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲနေရမှုများကိုလည်း လျော့ချနိုင်မည်**

ကူညီပေးစေလိုမှု၊ အင်းလေးဒေသရှိ ဇီဝမြေသြဇာထုတ်လုပ်မှုလုပ်ငန်း အောင်မြင်မှုရှိစေရေးအတွက် ဆောင်ရွက်ပေးစေလိုမှုတို့ကို အသီးသီးတင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

## ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ အာလူးစိုက်တောင်သူများအတွက် ဒေသနှင့်ကိုက်ညီသည့် အာလူးမျိုးများရရှိရေး၊ စပါးစိုက်တောင်သူများအတွက် မျိုးကောင်းမျိုးသန့်များ ရရှိရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးမြေများ ရရှိလိုမှု၊ လုပ်ငန်းအတွက်ချေးငွေများ ရရှိလိုမှုတို့နှင့်ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလျှောက်ထားနိုင်ပြီး မှန်မှန်ကန်ကန်ဆောင်ရွက်ရန်လိုအပ်မှု၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ငန်းအလိုက် အတိုးနှုန်းသက်သာသည့် ချေးငွေများ ရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့် စက်ကိရိယာများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ကုန်စည်စီးဆင်းမှုများသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို များစွာထိခိုက်စေနိုင်သောကြောင့် တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးလျက်ရှိသကဲ့သို့ အားလုံးဝိုင်းဝန်းတိုက်ဖျက်ကြရန်လိုအပ်မှု၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေး လိုအပ်သည့် နည်းပညာနှင့် စက်ကိရိယာများ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ စားသောက်ကုန်များ၏ အရည်အသွေးစစ်ဆေး၍ FDA လက်မှတ်များ ထုတ်ပေးလျက်ရှိမှုနှင့် သင်တန်းများ ပို့ချဆောင်ရွက်ပေးလျက်ရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးပြန်လည်ဆွေးနွေး ပြောကြားကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အလေးထားမှတ်သား၍သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

## အစားအသောက်လုံခြုံရေးနှင့်ပတ်သက်၍ ဖြည့်စွက်မှာကြား

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများက အသီးသီးပြန်လည်ဆွေးနွေးပြီးဖြစ်ကြောင်း၊ စားသောက်ကုန်နှင့်ပတ်သက်၍ ပြည်ပမှဝင်ရောက်လာသည့် တရားဝင်စားသောက်ကုန်များ၊ ပြည်တွင်းမှထုတ်လုပ်သည့် စားသောက်ကုန်များ အမျိုးမျိုးရှိကြပြီး အစားအသောက်လုံခြုံရေး လည်း စနစ်တကျရိုက်နှိပ်ပေးထားရန်လိုကြောင်းကို ဖြည့်စွက်ပြောကြားလိုကြောင်း။

## ဒေသထုတ်ကုန်များကို အခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်

ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကိုတွေ့ဆုံ၍ မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်နိုင်ရန်အတွက် လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်၊ စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်အစိုးရလက်ထက်များတွင် နိုင်ငံခြားကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် ပြန်လည်စိစစ်ဆောင်ရွက်ခဲ့ရာ ပြည်တွင်းထုတ်ကုန်များ အားပေးမှုမရှိခြင်းနှင့် ပြည်ပသွင်းကုန်များကို ပိုမိုဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ နိုင်ငံခြားချေးငွေများကို အဆက်မပြတ်ရယူခဲ့ပြီး ယခုအချိန်တွင် နိုင်ငံခြားချေးငွေများ ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေသေးကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် တတ်နိုင်သမျှ ပြန်လည်ပေးဆပ်နေရကြောင်း။

နိုင်ငံခြားငွေရရှိရန်အတွက် ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် မြေပေါ်မြေအောက်သယံဇာတပစ္စည်းများနှင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများ ရှိကြောင်း၊ သစ်တောကဲ့သို့သော မြေပေါ်သယံဇာတပစ္စည်းများကို

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

ထုတ်ယူသုံးစွဲပြီး ပြန်လည်ဖြည့်တင်းစိုက်ပျိုးခြင်း မရှိခြင်းကြောင့် သစ်တောများပြုန်းတီးလာမှုများရှိကြောင်း၊ မြေအောက်သယံဇာတများ ထုတ်ယူသုံးစွဲခြင်းကိုလည်း ကုန်ကြမ်းအဖြစ် ထုတ်လုပ်ခြင်း မဟုတ်ဘဲ ကုန်ချောအဖြစ် ထုတ်လုပ်ခြင်းများကိုသာ ခွင့်ပြုပေးလျက်ရှိကြောင်း၊ မြေပေါ်မြေအောက်သယံဇာတများကို ထုတ်ယူသုံးစွဲခြင်းထက် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေသူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုသာ အဓိကထားလုပ်ကိုင်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ကြရန် အားပေးခဲ့ခြင်းဖြစ်ကြောင်း၊ **စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် ခိုင်မာပြီးသေချာမှုရှိသည့်လုပ်ငန်းတစ်ခုပင်ဖြစ်**ကြောင်း၊ **ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ကုန်ကြမ်းပစ္စည်းများကို အခြေခံသည့်စက်မှုလုပ်ငန်းများကိုဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်**ကြောင်း။

မိမိတို့ဒေသမှမဟုတ်ဘဲ အခြားဒေသများမှ ထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများ၊ ပြည်ပမှ ဝယ်ယူရသည့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းသည် ကုန်ထုတ်လုပ်မှုတွင် အကန့်အသတ်ရှိပြီး အခက်အခဲများ ဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း။

## မွေးမြူရေး

**မိမိတို့နိုင်ငံတွင် နို့နှင့် နို့ထွက်ပစ္စည်းများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရပြီး နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ပြည်တွင်း၌ စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းနေရမှုများ များစွာလျော့ကျသွားမည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲနေရမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်**ကြောင်း၊ ရှမ်းပြည်နယ်သည် နွားမွေးမြူရေး၊ ဝက်နှင့် ကြက်မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် အခြေခံကောင်းများရှိသည့် ဒေသဖြစ်ကြောင်း၊ **နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ရှမ်းပြည်နယ်အတွင်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါက နို့ထွက်ပစ္စည်းအများဆုံးထုတ်လုပ်နိုင်သည့် ပြည်နယ်တစ်ခု ဖြစ်လာမည်**ဖြစ်ပြီး နိုင်ငံအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ကြက်မွေးမြူရေးနှင့်ပတ်သက်၍ ဥစားကြက်များ ပေါများစွာမွေးမြူလျက်ရှိသည်ကို တွေ့ရှိရပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကိုလည်း တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံ၌ **၂၀၂၀-၂၀၂၂ ခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှုကြောင့် စားရေးအခက်အခဲများ ဖြစ်ပေါ်ခဲ့ချိန်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာမွေးမြူရေးဇုန်မှ တစ်နိုင်ငံလုံးသို့ ကြက်ဥများ ဖြန့်ဖြူးပေးခဲ့သည့်အတွက် ပြည်သူလူထု၏ စားရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်ပေါ်စေခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိ**ကြောင်းကို ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံနှင့် နိုင်ငံတကာတွင် အသားလိုအပ်ချက်များစွာရှိကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် တိရစ္ဆာန်အစာများကို အသုံးပြု၍ ပြည်တွင်း အသားထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှုကို ဖူလုံစေရုံသာမက ပြည်ပသို့လည်းတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ အသားထုတ်လုပ်မှုများမှတစ်ဆင့် စက်မှုထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဖြစ်ပြီး မွေးမြူရေးကို စနစ်တကျဆောင်ရွက်နိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

အလားတူ ဝက်မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဆောင်ရွက်၍ အသားထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ထွက်ရှိသည့် သစ်သီးဝလံများနှင့် အသားများကို ကျယ်ကျယ်ပြန့်ပြန့် တင်ပို့ရောင်းချနိုင်ရန်အတွက် ဟဲဟိုးလေယာဉ်ကွင်းကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုး ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် အားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါတွင် ကုန်သွယ်မှုလိုငွေများ ထိုက်သင့်သလောက် တိုးတက်လာပြီဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေများ ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## စိုက်ပျိုးရေး

စပါးစိုက်ပျိုးမှုများဆောင်ရွက်ရာတွင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် စိုက်ပျိုးရန်လိုကြောင်း၊ တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ပြီး စီးပွားရေးမြှင့်တင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မြေဩဇာများ ရရှိရေးအတွက်လည်း ဒေသတွင်းမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိထားသည့် ဇီဝမြေဩဇာများကို အကျိုးရှိရှိ အသုံးချမည်ဆိုပါက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ကျွဲနှင့် နွားများကို စနစ်တကျ လှောင်မွေးခြင်းဖြင့် အသားထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းများ ကောင်းမွန်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို အခြေခံသည့် ထွက်ကုန်ပစ္စည်းများဖြင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ ရှမ်းပြည်နယ်အတွင်းမှ ထွက်ရှိသည့် လက်ဖက်၊ ကော်ဖီများသည် နိုင်ငံတကာဈေးကွက်ဝင်ပစ္စည်းများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် အဆိုပါ လက်ဖက်နှင့်ကော်ဖီများကို ပိုမိုတိုးချဲ့စိုက်ပျိုးပြီး ကုန်ထုတ်လုပ်မှုများကို စနစ်တကျဆောင်ရွက်မည်ဆိုပါက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သဖြင့် ဒေသအတွက်သာမက နိုင်ငံတော်အတွက်ပါ များစွာအကျိုး ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးရေးနှင့်ပတ်သက်၍ Eating quality ကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးရန်လိုကြောင်း၊ ဒေသမှထွက်ရှိသည့် စားသောက်ကုန်များကိုလည်း အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ဈေးကွက်ရရှိမည်ဖြစ်ကြောင်း၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ အရည်အသွေးကောင်းမွန်စွာဖြင့် လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

## လျှပ်စစ်ဓာတ်အား လိုအပ်ချက်အား တစ်ဖက်တစ်လမ်းမှ အထောက်အကူရရှိရေး

ရှမ်းပြည်နယ်အတွင်း စပါးကြိတ်ခွဲမှုများမှ စပါးခွံများ များစွာထွက်ရှိလျက်ရှိကြောင်း၊ ထွက်ရှိလာသည့် စပါးခွံများကို အသုံးပြု၍ စပါးခွံလောင်စာသုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို မိမိတို့ဒေသအလိုက် တတ်နိုင်သမျှကြိုးပမ်းဆောင်ရွက်မည်ဆိုပါက ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။

**MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေရခြင်းမှာ တိုင်းပြည်၏စီးပွားရေး မြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များ တင်ပို့နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်**ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် သွင်းအားစုများ လိုအပ်ကြောင်း၊ သွင်းအားစုများရရှိရေးအတွက်လည်း ကြိုးပမ်းအားထုတ်ကြရန်လိုကြောင်း။

## စုပေါင်းသမဝါယမစနစ်

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ သမဝါယမစနစ်ဖြင့်သွားသည့် ကုန်ထုတ်လုပ်မှုကို သွားနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ယခင်ကသမဝါယမစနစ်ကို ကျင့်သုံးခဲ့ပြီး အချို့ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ **သမဝါယမစနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး စုပေါင်းသမဝါယမစနစ်ကို ကျင့်သုံး၍ ဆောင်ရွက်ကြရန်လို**ကြောင်း၊ အရင်းအနှီးနှင့်ပတ်သက်၍ နိုင်ငံတော်မှ လိုအပ်သည့် ရင်းနှီးမတည်ငွေများကို ထုတ်ချေးပေးလျက်ရှိပြီး ချေးငွေတွင် Developing ချေးငွေနှင့် Commercial ချေးငွေဟူ၍ ရှိကြောင်းနှင့် ချေးငွေအမျိုးအစားအလိုက် အတိုးနှုန်းများ ကွာခြားသွားမည်ဖြစ်ကြောင်း၊ အရင်းအနှီးမတည်ငွေများနှင့်ပတ်သက်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ ထုတ်ချေးပေးလျက်ရှိပြီး ချေးငွေများရယူရာတွင်လည်း မိမိတို့ တတ်နိုင်သလောက်သာ ချေးယူရန်နှင့် သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီရန်လိုကြောင်း။

## လူသားအရင်းအမြစ်ကောင်းများရရှိရေး ပညာရေး အားပေးဆောင်ရွက်

နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အဆင့်မီစွာ ဆောင်ရွက်နိုင်ရန် လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝစေရေး ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အတန်းပညာများရှိမှသာ မိမိတို့ဘဝရပ်တည်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရေးသည် နိမ့်ကျလျက်ရှိနေသေးသည်ကို တွေ့ရှိရပြီး ရှမ်းပြည်နယ်အတွင်း၌လည်း ပညာရေးတန်းစဉ်ကူးပြောင်းမှုနှုန်း နည်းပါးနေသေးသည့်အတွက် ပညာရည်မြင့်မားရေးကို ဝိုင်းဝန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ **ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးရန်မှာ အစိုးရ၏တာဝန်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သည် တစ်ဦးချင်း၏ ကြိုးစားအားထုတ်မှုဖြင့်သာ သက်ဆိုင်သည်ဖြစ်**သဖြင့် အခြေခံလိုအပ်ချက်ဖြစ်သည့် ပညာရေးကို အားပေး ဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးကို အားပေးမှသာလျှင် ဒေသနှင့် နိုင်ငံ၏ လူသားအရင်းအမြစ်များသည်လည်း ပေါ်ကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဦးတစ်ယောက်ချင်းမှစ၍ ပညာရေးကို အလေးထား အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ သင်ကြားတတ်မြောက်ထားသည့် ပညာရပ်များအလိုက် လူမှန်နေရာမှန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်း လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပုဂ္ဂလိက ပညာသင်ကြားရေးတွင်လည်း ပညာသင်ကြားမှုများ နစ်နာမှုမရှိစေရေး စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ အချို့သောကိုယ်ပိုင်ကျောင်းများအနေဖြင့် ငွေကြေးကောက်ခံမှုများ များပြားလျက်ရှိသည်ကို စိစစ်တွေ့ရှိရပြီး ပညာရည်သင်ကြားရေးအတွက် မှန်မှန်ကန်ကန် ဖြစ်စေလိုကြောင်း။

## ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး

ရှမ်းပြည်နယ်သည် ခရီးသွားလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အခြေခံကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ **တောင်ကြီးမြို့တွင် မီးပုံးပျံပွဲကို အစဉ်အလာဖြင့် နှစ်စဉ်ကျင်းပလျက်ရှိပြီး ပြည်တွင်းပြည်ပမှ စိတ်ဝင်စားသည့် ပွဲတော်တစ်ခုဖြစ်**ကြောင်း၊ အလားတူ **အင်းလေးဒေသသည်လည်း ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် နေရာဒေသ တစ်ခုဖြစ်**ကြောင်း၊ ထို့ကြောင့် ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်ရန်အတွက် ဒေသထွက် အစားအစာများကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးကိုလည်း ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ ကလော၊ အောင်ပန်းဒေသကို ကျန်းမာရေးစောင့်ရှောက်မှုဒေသအဖြစ် ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်ပြီး မိမိတို့အနေဖြင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသထုတ်ကုန်ပစ္စည်းများ ထုပ်ပိုးမှုစနစ်ကောင်းမွန်မှသာ ဝယ်ယူသူကို ပိုမိုစွဲဆောင်မှုရှိနိုင်မည်ဖြစ်ကြောင်း၊ Quality ကောင်းအောင်ဆောင်ရွက်ရာတွင် အမြင်၊ အနံ့နှင့် ထုပ်ပိုးမှုများကောင်းမွန်အောင် ဆောင်ရွက်ရန် အကြံပြုလိုကြောင်း၊ သို့မှသာ ထုတ်ကုန်ပစ္စည်းများကို ပိုမိုရောင်း ချနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးတိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူစေတီတော်နှင့် တောင်ကြီးမြို့ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားပရိဝုဏ်အတွင်း လှည့်လည်ကြည်ညိုစဉ်။

နေပြည်တော် မတ် ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီးဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင်မွေတော်ကက္ကူဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

## ကပ်လှူပူဇော်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မြောက်ဘက်အာရုံခံအတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးများ ကပ်လှူပူဇော်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ရှေးဟောင်းသမိုင်းဝင်မွေတော်ကက္ကူဘုရားအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ကျော်ဆန်းနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားသို့ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ဆက်လက်၍ ဘုရားပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှု၍ စေတီတော်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျ ထိန်းသိမ်း သာယာလှပရေး ဆောင်ရွက်ရန်လိုအပ်မှုတို့ကို ဆောင်ရွက်ရန်နှင့် ဘုရားပတ်ဝန်းကျင် သန့်ရှင်း တာဝန်ရှိသူများအား မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

ယမန်နေ့ညပိုင်းကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တောင်ကြီးမြို့ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

## ဆွေးနွေးမှာကြား

ယင်းနောက် စေတီတော်မြတ်ကြီးပေါ်ရှိ ရှုခင်းသာ view point မှတစ်ဆင့် တောင်ကြီးမြို့၏ အလှအပများကိုကြည့်ရှုကာ တောင်ကြီးမြို့ရှိ သဘာဝအရင်းအမြစ်များ မပျောက်ပျက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြား

**နေပြည်တော် မတ် ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျောက်တလုံးကြီးမြို့သို့ သွားရောက်၍ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် တာဝန်ရှိသူများ ကျောက်တလုံးကြီးမြို့ ဗိုလ်ပန္နကုန်းတော်တွင် တည်ထားကိုးကွယ်ထားရှိသည့် မဟာဝံသဗုဒ္ဓဂယာစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်စဉ်။

**ကြိုဆို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် ကျောက် တလုံးကြီးမြို့သို့ ရောက်ရှိကြရာ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) မှ ဦးခွန်မြင့်အောင်၊ ဦးခွန်အောင်ခမ်း၊ ဦးခွန်နေဝင်းထွန်းနှင့် တာဝန်ရှိသူများ၊ ဒေသခံပအိုဝ်း တိုင်းရင်းသား ပြည်သူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပအိုဝ်းအမျိုးသား ခေါင်းဆောင် ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်(PNO)နာယက ဦးအောင်ခမ်းထီ နေအိမ်သို့ ရောက်ရှိကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ဦးအောင်ခမ်းထီ ၏ကျန်းမာရေးအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူအများနှင့် ဒေသအကျိုးကို ဖြစ်ထွန်းစေမည့် လုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်စေလိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒေသတွင်းရှိ ပြည်သူများအားလုံး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတွင်း ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပမာဏများများဖြင့် စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်သည့် ကုန်ထုတ်လုပ်မှုမျိုးဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍လည်း ဝက်၊ နွား၊ ကြက် စသည့်မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန် လိုကြောင်း၊ ပအိုဝ်းဒေသမှ ထွက်ရှိသည့် ထောပတ်သီးသည် အရည်အသွေးကောင်းမွန်သည့်အတွက် စိုက်ပျိုးမှုများကို ပိုမိုမြင့်တင်ဆောင်ရွက်စေလိုကြောင်း၊ အလားတူ ဒေသတွင်း ကောင်းမွန်စွာ ထွက်ရှိသည့် ကြက်သွန်၊ အာလူး၊ လက်ဖက် ကဲ့သို့သော စိုက်ပျိုးရေး ထုတ်ကုန်များမှ တန်ဖိုးမြှင့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရေး စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသရှိ မြေပေါ်မြေအောက် သယံဇာတများကို လွယ်လွယ်ကူကူ ထုတ်ယူသုံးစွဲခြင်းများကို ရှောင်ရှားပြီး ရေရှည်အကျိုးရှိမည့် လုပ်ငန်းများကို လုပ်ဆောင်စေလိုကြောင်း၊ ဒေသတွင်းရှိ သစ်ပင်သစ်တောများကိုလည်း ထိန်းသိမ်းရန်လိုအပ်ပြီး ရွှေ့ပြောင်းတောင်ယာများ စိုက်ပျိုးခြင်းထက် ကုန်းမြင့်လယ်ယာစနစ်ကို ပိုမိုအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပအိုဝ်းဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သမဝါယမစနစ်ဖြင့် ထိထိရောက်ရောက် ဆောင်ရွက်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ပအိုဝ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် တပ်မတော်မှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဆက်လက်၍လည်း ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ပအိုဝ်း အမျိုးသားခေါင်းဆောင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)နာယက ဦးအောင်ခမ်းထီ နေအိမ်သို့ သွားရောက်ပြီး ကျန်းမာရေးအခြေအနေများကို မေးမြန်း အားပေးစကားပြောကြားစဉ်။

**လက်ဆောင်ပစ္စည်းများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပအိုဝ်း အမျိုးသားအဖွဲ့ချုပ် (PNO) နာယက ဦးအောင်ခမ်းထီအား စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ဒေသထွက်လက်ဆောင်ပစ္စည်းများနှင့် ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်တလုံးကြီးမြို့ ဗိုလ်ပန္နကုန်းတော်တွင် တည်ထား ကိုးကွယ်ထားရှိသည့် မဟာဝံသဗုဒ္ဓဂယာ စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်းရေချမ်း ဆီမီး ကပ်လှူပူဇော်သည်။

ယင်းနောက်စေတီတော်ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးခွန်ညွန့်မောင်နှင့် အဖွဲ့ဝင်များက နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ဓမ္မ လက်ဆောင်များ ပေးအပ်ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က စေတီတော်ကြီး အတွက် ဘက်စုံအလှူငွေများ ပြန်လည်ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ ဝင်များသည် စေတီတော်ကြီး အထက်ပစ္စယံရှိ ဗုဒ္ဓရုပ်ပွားတော် အား ဖူးမြော်ကြည်ညိုကာ စေတီ တော်ကြီးအား လက်ယာရစ် လှည့်လည် ကြည်ညိုခဲ့ကြောင်း နှင့် စေတီတော် ရေရှည်တည်တံ့ ခိုင်မြဲရေး၊ ကြည်ညိုသပ္ပာယ်ဖွယ် ဖြစ်စေရေးအတွက် ထိန်းသိမ်း ဆောင်ရွက်ရန် လိုအပ်သည်များ ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့ မဟာဝံသဗုဒ္ဓဂယာစေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ် လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ ရေထွက်ဦး-တောင်ကြီးဘူတာကြား သံလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**ရှင်းလင်းတင်ပြ**

ဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မြေဖို့ခြင်း၊ မြေဖြတ်ခြင်းနှင့် တာပေါင်ဆင်ခြေလျှောဖြေခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အရည်အသွေး စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်တိုးတက်မှု၊ သံလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ခရီးသွားများကို ဆွဲဆောင်နိုင်မည့် ရှမ်းပြည်နယ်၏ ထင်ရှားသော ဘဝသံသရာ ရထားလမ်း တံတားပုံစံအတိုင်း တည်ဆောက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရထားလမ်းသယ်ယူပို့ဆောင်ရေးသည် ဒေသအတွက် များစွာအကျိုးရှိစေမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ယခု ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းကို သာမန်ခရီးသွားပြည်သူများ သွားလာအသုံးပြုနိုင်ရန်၊ ကုန်စည်များ ပိုမိုကူးသန်းရောင်းဝယ်နိုင်ရန်၊ ဒေသတွင်းရှိ တွင်းထွက် ပစ္စည်းများနှင့် ထုတ်ကုန်ပစ္စည်းများ ပိုမိုကူးသန်းရောင်းဝယ်နိုင်ရန်၊ ခရီးသွားပြည်သူများကို ဆွဲဆောင်နိုင်ရန် ရည်ရွယ်ကြောင်း၊ နောက်ပိုင်းတွင် ပအိုဝ်းဒေသအထိ တိုးချဲ့ပြေးဆွဲနိုင်ရေး ရည်ရွယ်ကြောင်း၊ သံလမ်းခင်းရာ၌ လမ်းခင်းကျောက် ထည့်သွင်းမှု၊ တံတားများ ထည့်သွင်းတည်ဆောက်မှုတို့ကို သတ်မှတ် အရည်အသွေး နှုန်းထားများအတိုင်း ပြည့်မီစွာခင်းကျင်းရန် လိုကြောင်း၊ လုပ်ငန်းလျင်မြန်စွာ ပြီးစီးစေရေးကိုသာ ဦးစားပေး ဆောင်ရွက်ခဲ့ပြီး အရည်အသွေး ပြည့်မီမှုမရှိခြင်းများ မဖြစ်စေလိုကြောင်း၊ ဘဝသံသရာ ရထားလမ်းအတိုင်း စနစ်တကျ တည်ဆောက်ရန်လိုကြောင်း၊ ကားလမ်းများအနီးတွင်ရှိသည့် ရထားသံလမ်းပိုင်းနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေး အကာအရံ ဆောင်ရွက်ပေးရန်လိုကြောင်း၊ မြေထိန်းနံရံ (Toe Wall)များ၊ ရေကာနံရံများနှင့် ရေထုတ်ပြွန်များ၊ရေထုတ်မြောင်းများကိုလည်း စနစ်တကျ ထည့်သွင်းဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားပြီး စီမံကိန်း ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် Road Map ကို ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ရေးဆွဲရေး အကြံပြုညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် မတ် ၇**

ကုန်သည်စက်မှုအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(MDEA) တို့က ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီညှိနှိုင်းအစည်းအဝေးကို မတ် ၃ ရက်တွင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်တွင် Hybrid စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာထွန်းသူရသက်နှင့် တာဝန်ရှိသူတို့က နိုင်ငံအတွင်း ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် Road Mapကို ပြန်လည်ဆန်းစစ်ပြီး လိုအပ်ပါက ခေတ်နှင့် လျော်ညီစွာ ပြင်ဆင်ရာတွင် အကြံပြုနိုင်ရေး၊ ကိုဗစ်အလွန်ကာလတွင် နည်းပညာပြောင်းလဲမှုများ အလျင်အမြန်တိုးတက်လာသည့်အတွက် နည်းပညာ ပြောင်းလဲမှုနှင့်အညီ Road Map တွင် ထည့်သွင်းနိုင်ရေး၊ အာဆီယံနိုင်ငံများတွင် ရေးဆွဲထားသည့် Commitment များနှင့် အညီ လုပ်ဆောင်သွားရန် လိုအပ်ခြင်း၊ Artificial Intelligence၊ Machine Learning များနှင့် လိုက်လျောညီထွေသည့် ပတ်ဝန်းကျင် ဖန်တီးနိုင်ရေး၊ နိုင်ငံ၏ ဦးစားပေးကဏ္ဍများတွင် အရေးကြီးသော အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သွင်းကုန်အစားထိုး လုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်ရေးတို့အတွက် ဒစ်ဂျစ်တယ်စီးပွားရေးတိုးတက်လာစေရန် Road Map တွင် ထည့်သွင်းရေးဆွဲအကြံပြုရေးတို့ကို ဆွေးနွေးကြသည်။

**မျိုးမင်းသူရ**

❖ ကျောဖုံးမှ

တွေ့ဆုံစဉ် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံကုန်သွယ်ရေးကဏ္ဍ တိုးမြှင့်ရေးနှင့် ကုလားတန်မြစ်ကြောင်း စီမံကိန်းအပါအဝင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် ညွှန်ကြားရေး မှူးချုပ် ဦးအောင်ကိုတို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ ဒုတိယအတွင်းဝန် Ms. Reeta Meena လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Vinay Kumar အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်ထွန်းကို စီမံရေးနှင့် ဘဏ္ဍာရေးဌာနကြီး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၇

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၇

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H. E. Mr. Vinay Kumar ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ-အိန္ဒိယ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းအတွက် နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သော MoU အရ အိန္ဒိယနိုင်ငံ၏ ကူညီမှု ရန်ပုံငွေဖြင့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းများ၏ အောင်မြင်ဖြစ်ထွန်းမှုနှင့် အကျိုးရလဒ်များ၊ အလားတူ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းအတွက် MoU အသစ် ထပ်မံရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်နေမှုအခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ကဏ္ဍအသီးသီးတွင် ရှေ့ဆက်လက် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ သတင်းစဉ်



# ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ဆည်တွင် ဆည်ရေပြင် သန့်ရှင်းရေးလုပ်ငန်းနှင့် သဲရေစစ်ကန်မှ ရေပေးဝေဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်သည် ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်နှင့်အတူ ယနေ့နံနက်ပိုင်းက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်အရ သန့်ရှင်းသောသောက်သုံးရေများ ပေးဝေနိုင်ရေး ရန်အောင်မြင် ဆည်ရေပြင်နှင့် ဆည်ကြမ်းခင်းရှိ နုန်းများ၊ သစ်ဝါးဆွေးများနှင့်ရေညှိရေမှော်များ ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် မြို့တော်ဝန်က နေပြည်တော်သည် အစိုးရရုံးစိုက်ရာ မြို့တော်ဖြစ်သည့်အတွက် မြို့တော်အင်္ဂါရပ်နှင့်ကိုက်ညီစေရေး Green City၊ Clean City၊ Smart City ဖြစ်စေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်နေ အများပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖြန့်ဖြူးပေးဝေနိုင်ရန်အတွက် ရေသိုလှောင်ဆည်များ၏ ဆည်ရေပြင်၊ ကန်စပ်များနှင့် ဆည်ပတ်ဝန်းကျင်တို့တွင် သန့်ရှင်းမှုရှိစေရေး အများပြည်သူအကျိုးငှာ စေတနာထား၍ အမြဲမပြတ်ဆောင်ရွက်ကြရန် မှာကြားသည်။



ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ရန်အောင်မြင်ဆည်သဲရေစစ်ကန်ကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က လိုအပ်သည်များမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခဲ့သည့် ချောင်းမငယ်ဆည်မှ ရေကို ဆင်အုံကန်မှတစ်ဆင့် ရန်အောင်မြင်သဲရေစစ်ကန်သို့ တစ်နေ့လျှင် ရေဂါလန် ၄ ဒသမ ၅ သန်း တင်ပို့နိုင်သည့် ရေကူရေတင်ပိုက်လိုင်းသွယ်တန်းထားရှိမှုနှင့် ရေတွန်းပို့မှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ရန်အောင်မြင်ဆည် ဧရိယာအတွင်း တည်ဆောက်မည့် ရန်အောင်မြင် Solar Power Project လုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုရာ VENUS ESSENTIAL MYANMAR(VEM)Company Limited မှ တာဝန်ရှိသူများက နေပြည်တော် နယ်နိမိတ်အတွင်း ရန်အောင်မြင်ဆည်၊ ချောင်းမကြီးဆည်နှင့် ဖောင်းလောင်ဆည်တို့တွင် Ground Mounted and Floating Compound Solar စီမံကိန်းသုံးခုကို လျာထားဆောင်ရွက်လျက်ရှိပြီး ရန်အောင်မြင်ဆည်စီမံကိန်းတွင် မြေပြင်ဧရိယာ ၆၂၇ ဒသမ ၅၂ ဧကနှင့် ရေဝပ်ဧရိယာ ၅၅ ဒသမ ၉ ဧကပေါ်တွင် ဆောင်ရွက်မည်ဖြစ်ကာ မဂ္ဂါဝပ် ၁၁၀ ထုတ်လုပ်ဖြန့်ဖြူး နိုင်မည်ဖြစ်ကြောင်းနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ်မှ သိမ်းဆည်းရရှိသည့် စွန့်ပစ်အမှိုက်များ စွန့်ပစ်နေရာ စမ်းကလေး အမှိုက်ကွင်းနှင့် လယ်ဝေးမြို့နယ်ရှိ စမ်းကလေးသုသာန်ကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က နာရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆက်သွယ်အကြောင်းကြားလာပါက အဆင်ပြေချောမွေ့စေရေး စေတနာထား၍ အမြန်ဆုံး ဆောင်ရွက်ပေးရန်နှင့် ဌာနမှ နာရေးကိစ္စများကို အခမဲ့ဆောင်ရွက်ပေးနေသည့် အခြေအနေများကို အများပြည်သူများ ကျယ်ပြန့်စွာ သိရှိစေရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်သံအမတ်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများနှင့်စပ်လျဉ်းသည့် အခြေအနေ၊ တည်ငြိမ်အေးချမ်းစွာဖြင့် လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲ ကျင်းပနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းခဲ့မှု၊ နိုင်ငံရေးပါတီများ တည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားမှုနှင့် စိစစ်ဆောင်ရွက်နေမှု၊ လာမည့်ရွေးကောက်ပွဲများတွင် အီလက်ထရွန်နစ်မဲပေးစက် အသုံးပြုနိုင်ရေးဆောင်ရွက်နေမှု၊ အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးဆောင်ရွက်မည့်အခြေအနေ၊ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများက လက်ခံသည့် မှန်ကန်မျှတသည့် ရွေးကောက်ပွဲများကျင်းပနိုင်ရေး ဆောင်ရွက်နေမှု၊ ဆန္ဒမဲပေးခွင့်ရှိသူများ ဥပဒေနှင့်အညီ မဲပေးနိုင်ရေး



ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံရေးပါတီဆိုင်ရာ ကိစ္စရပ်များနှင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဂီနီဘစ်ဆောသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်

**နေပြည်တော် မတ် ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဂီနီဘစ်ဆောသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါမူကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့ကို အခြေခံပြီး သံတမန်ဆက်ဆံရေးနှင့် ကောင်စစ်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်ခိုင်မာစေရန် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၂၃ ခုနှစ် မတ် ၆ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဂီနီဘစ်ဆောသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်ခြင်းဆိုင်ရာ ပူးတွဲကြေညာချက်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ဂီနီဘစ်ဆော သံအမတ်ကြီး H.E. Mr. António Serifo Embaló တို့က ၂၀၂၃ ခုနှစ် မတ် ၆ ရက်တွင် ပေကျင်းမြို့ မြန်မာသံရုံး၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

ဂီနီဘစ်ဆောသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၂၆)နိုင်ငံမြောက် သံတမန်အဆက်အသွယ် ထူထောင်သည့်နိုင်ငံဖြစ်သည်။

**သတင်းစဉ်**

# လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်သည့် ဆွေးနွေးပွဲကျင်းပ

**ပုသိမ် မတ် ၇**

ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်သည့် ဆွေးနွေးပွဲကို မတ် ၃ ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။



လုပ်ငန်း စွမ်းဆောင်ရည် မြှင့်တင်သည့် ဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးမောင်မောင်သန်းက အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေအရ စက်ရုံအတွင်း ဖွဲ့စည်းထားသော လုပ်ငန်းညှိနှိုင်းရေး ကော်မတီ၊ မြို့နယ်အဆင့် ဖွဲ့စည်းထားသော ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းထားသော ခုံသမာဓိအဖွဲ့နှင့် ယင်းဥပဒေအရ အမြင့်ဆုံး အဖွဲ့အစည်းဖြစ်သည့် ခုံသမာဓိကောင်စီတို့ဖြင့် အဆင့်ဆင့် ဖြေရှင်းဆောင်ရွက်ရပါကြောင်း၊ ယခု ကျင်းပသည့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး ဆွေးနွေးပွဲတွင် ခုံသမာဓိကောင်စီဝင် လူကြီးများက ၎င်းတို့အနေဖြင့် အငြင်းပွားမှုများကြားနာစစ်ဆေး ဆုံးဖြတ်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများ၊ အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အငြင်းပွားမှုများကို နှစ်ဖက်မျှတစွာ ဖြေရှင်း ဆောင်ရွက်ခြင်းဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများ အားကိုးရသည့် အဖွဲ့အစည်း အဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ အငြင်းပွားမှုများကို သုံးပွင့်ဆိုင်ယန္တရားဖြင့် ဖြေရှင်းဆောင်ရွက်ရခြင်းကြောင့် အဖွဲ့ဝင်များအားလုံးက ဥပဒေကို သိရှိနားလည်ရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်သည့် ဆွေးနွေးပွဲတွင် ခုံသမာဓိ ကောင်စီဝင်သုံးဦးက အငြင်းပွားမှု ဖြေရှင်းရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များ၊ စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေပါ လိုက်နာရမည့်အချက်များကို ရှင်းလင်းဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာန၌ အင်္ဂလိပ်စကားပြော သင်တန်းဖွင့်လှစ်

**သံတွဲ မတ် ၇**

သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အင်္ဂလိပ်စာစကားပြောသင်တန်းကို ယမန်နေ့က သံတွဲခရိုင်လူထုအခြေပြုဗဟိုဌာနရှိ ဘက်စုံသုံးခန်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် သံတွဲမြို့ရှိ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၅၆ ဦးအား နည်းပြဆရာအဖြစ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာ ဦးမျိုးလွင်က တစ်ပတ်လျှင် (တနင်္လာနေ့မှ သောကြာနေ့အထိ) မတ် ၆ ရက်မှ မေ ၃၁ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ကျင်းပ

နေပြည်တော် မတ် ၇

မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃)ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ် (၃၁) အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာကဏ္ဍ(၁၆)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး ဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီးများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ နိုင်ငံတော်၏ အဖိုးတန် လူ့စွမ်းအား အရင်းအမြစ်များဖြစ်သည့် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကိစ္စရပ်များနှင့်ပတ်သက်၍ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်များနှင့်အညီ ရေတို/ရေရှည်စီမံကိန်းများရေးဆွဲ၍ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ထိ လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့်လည်း အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအဆင့် ဆွေးနွေးပွဲနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း၊ နိုင်ငံတကာအဆင့်မီ လူငယ်လူရွယ်များဖြစ်လာစေရန် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ် လူငယ်/လူရွယ်များသာမက ပညာဆက်လက်သင်ယူနိုင်ခြင်းမရှိသည့် ကျောင်းပြင်ပနေ လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ကဏ္ဍအလိုက် နွေရာသီသင်တန်းများ ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းလူငယ်များအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် အားကစားသင်တန်းများအပါအဝင် ကဏ္ဍအလိုက် လူငယ်ဘက်စုံဖွံ့ဖြိုးရေး သင်တန်းများ ဖွင့်လှစ်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းက လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက လူငယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်အလိုက်ဆောင်ရွက်မည့် အစီအစဉ်များ၊ အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းပြုလုပ်ဆောင်ရွက်ခဲ့မှု၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခဲ့မှု၊ အားကစားပြိုင်ပွဲကျင်းပခဲ့မှု၊ နွေရာသီသင်တန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆိုနိုင်ရေးနှင့် စာစစ်ဌာန ပြင်ဆင်ထားရှိမှုများ ကွင်းဆင်းစစ်ဆေး

မူဆယ် မတ် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေးနှင့် ဖြေဆိုမည့် အထက(၂)စာစစ်ဌာန ပြင်ဆင်ထားရှိမှုများကို ယနေ့နံနက် ၁၁ နာရီတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းနှင့် မြို့နယ်ပညာရေးမှူး ဦးအယ်လ်ဇော်ရှန်လွမ်တို့ ဦးဆောင်၍ သက်ဆိုင်ရာတာဝန်ရှိသူများက စာစစ်ဌာနတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရန် မီးဘေးကြိုတင်ကာကွယ်ထားရှိမှု၊ မီးသတ်ဆေးဘူးများ စာဖြေခန်းအနီးဆုံးနေရာတွင် ထားရှိမှု၊ လျှပ်စစ်ခလုတ်ကြိုးများ သွယ်တန်းထားရှိမှု၊ စာစစ်ဌာနကျောင်းဝင်းအတွင်းရှိ မီးဘေးလုံခြုံရေးအတွက် ရေသိုလှောင်ကန်များ ရေသိုလှောင်ထားရှိမှုနှင့် စာဖြေခန်းများတွင် ခုံနံပါတ်အလိုက် စာရေးခုံများ စနစ်တကျစီစဉ်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ရန် မှာကြားသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မူဆယ်မြို့ အထက(၂) စာစစ်ဌာနတစ်ခုတွင် ဖြေဆိုကြမည်ဖြစ်ပြီး အစိုးရအခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများမှ ဖြေဆိုမည့် ကျောင်းတွင်းဖြေဆိုသူ ကျောင်းသားကျောင်းသူ ၁၃၈ ဦးနှင့် ပြင်ပဖြေဆိုသူ ၁၆၄ ဦး စုစုပေါင်း ၃၀၂ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့

"ကျား၊ မ တန်းတူညီမျှဖို့ နည်းပညာနဲ့ ဆန်းသစ်စို့"

"DigitALL: Innovation and technology for gender equality"

၂၀၂၃ ခုနှစ်၊ မတ်လ (၈)ရက်နေ့

# ဥပဒေပညာဗဟုသုတမှတ်စုများ (တရားမကျင့်ထုံးဥပဒေ) စာအုပ် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေ

နေပြည်တော် မတ် ၇

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပြီး ဥပဒေစာအုပ်စာတမ်းများ ပြုစုထုတ်ဝေဖြန့်ဖြူးခြင်း၊ သုတေသနစာတမ်းများ ပြုစုခြင်း၊ စာတမ်းဖတ်ပွဲများကျင်းပခြင်း၊ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System Website) တွင် ဥပဒေများ လွှင့်တင်ပေးခြင်း၊ ဥပဒေပညာရပ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခြင်းစသည့် ဥပဒေအသိပညာဖြန့်ဖြူးရေးလုပ်ငန်းများကို ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိသည်။




အဆိုပါဆောင်ရွက်ချက်များအနက် ဥပဒေရေးရာဝန်ကြီးဌာနက ပြုစုထုတ်ဝေသည့် ဥပဒေပညာဗဟုသုတမှတ်စုများ (တရားမကျင့်ထုံးဥပဒေ) စာအုပ်တွင် ဥပဒေပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ရာစီရင်ထုံးများအား ပူးတွဲလျက်လေ့လာနိုင်ရန် စီစဉ်ထားပါသဖြင့် ဖတ်ရှုလေ့လာသင့်သော အဖိုးတန်စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

သို့ဖြစ်ပါ၍ ဥပဒေပညာဗဟုသုတမှတ်စုများ (တရားမကျင့်ထုံးဥပဒေ) စာအုပ်ကို ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များ၊ ဥပဒေပညာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများနှင့် ဥပဒေပညာကို စိတ်ဝင်စားသူများ ဖတ်ရှုလေ့လာအသုံးပြုနိုင်ရန် ရည်ရွယ်၍ ဥပဒေရေးရာဝန်ကြီးဌာနက ပြုစုထုတ်ဝေရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များ တင်သွင်းရောက်ရှိ

နေပြည်တော် မတ် ၇

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ ခွင့်ပြုချက်ဖြင့် Asia Pacific Automaker Corporation Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ် အားသွင်းစက် (EV Charger) 60KW ၁၀ စုံသည် ယနေ့တွင် မြန်မာစက်မှုဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးယာဉ်အား သွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**



# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မတ် ၇

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

**မိုး/ဇလ**

# နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ EV Charging Station များကို မတ်လအတွင်း အပြီးတည်ဆောက်သွားမည်

တွေ့ဆုံမေးမြန်း
သန်းမင်းအောင်၊ ဟိန်းမင်းစိုး
ဓာတ်ပုံ - မင်းမင်း

EV Charging Station များကို Pilot Project အနေဖြင့် နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုဖြင့် နိုင်ငံအတွင်းအပိုင်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ EV Charging Station များ နိုင်ငံအတွင်း ဆောင်ရွက်နေမှုအခြေအနေနှင့်စပ်လျဉ်း၍ လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲ၊ အသုံးပြုရေးနှင့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ ။ လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲ၊ အသုံးပြုရေးနဲ့ အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအနေနဲ့ လက်ရှိမှာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို အရင်ဆုံးသိပါရစေ။**

**ဖြေ။ ။** အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နဲ့ ဆက်စပ်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကနေ လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲ၊ အသုံးပြုရေးနဲ့ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို ၂၀၂၂ ခုနှစ် ဇွန် ၇ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂) နဲ့ ဖွဲ့စည်းပေးခဲ့ပါတယ်။ ပြီးတော့ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၂) နဲ့ ဒီလုပ်ငန်းကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

လုပ်ငန်းကော်မတီအနေနဲ့ ဦးဆောင်ကော်မတီက စတင်တာဝန်ပေးတဲ့အချိန်ကစပြီး ကော်မတီရဲ့ မူဝါဒ (၃) ရပ်နဲ့ လုပ်ငန်းစဉ် (၉) ခုကို ချမှတ်ပြီးတော့ လျှပ်စစ်ယာဉ်တွေအတွက် အခြေခံအဆောက်အအုံတွေ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးကို စတင်ဆောင်ရွက်ခဲ့ပါတယ်။

ပြီးတော့ Charging Station တွေ တည်ဆောက်ဖို့အတွက် ဦးဆောင်ကော်မတီရဲ့ လမ်းညွှန်မှုနဲ့အညီ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့နဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်မှာ တည်ဆောက်နိုင်မယ့် မြေနေရာတွေကို ရွေးချယ်သတ်မှတ်လျာထားခဲ့ပြီး ဦးဆောင်ကော်မတီထံ အဆိုပြုတင်ပြခဲ့ပါတယ်။

ဦးဆောင်ကော်မတီကနေ တင်ပြချက်မြေနေရာတွေကို စိစစ်ရွေးချယ်ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့မှာ EV ယာဉ်တွေအတွက် Charging Station တွေတည်ဆောက်ဖို့ နေပြည်တော်မှာ လေးနေရာ၊ ရန်ကုန်မြို့မှာ ငါးနေရာ၊ မန္တလေးမြို့မှာ ငါးနေရာနဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာ ငါးနေရာ စုစုပေါင်း ၁၉ နေရာကို Pilot Project အနေနဲ့ စုစုပေါင်း ကုမ္ပဏီကိုးခုကို တာဝန်ခွဲဝေသတ်မှတ်ပေးခဲ့ပါတယ်။

တာဝန်ပေးအပ်ထားတဲ့ ကုမ္ပဏီတွေအနေနဲ့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တွေမှာ ကားလေး ၁၀ စီး အားသွင်းနိုင်မယ့် Charging Station တွေနဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်မှာ ကားလေး ၁၀ စီးနဲ့ ကားကြီး လေးစီး အားသွင်းနိုင်မယ့် Charging Station ပုံစံတွေကို လုပ်ငန်းကော်မတီက ရေးဆွဲပေးခဲ့ပါတယ်။ ပြီးတော့ ဦးဆောင်ကော်မတီရဲ့ အတည်ပြုခွင့်ပြုချက်နဲ့ လုပ်ငန်းကော်မတီက ကြီးကြပ်ပြီး လုပ်ငန်းတွေ စတင်ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။

**မေး။ ။ နေပြည်တော်၊ ရန်ကုန်မြို့နဲ့ မန္တလေးမြို့မှာ Charging Station တွေ တည်ဆောက်မှာဖြစ်တဲ့အတွက် တည်ဆောက်မယ့်နေရာနဲ့ ကားအားသွင်းနိုင်မယ့်အခြေအနေကို ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။ ။** နေပြည်တော်မှာဆိုရင် နေပြည်တော် စည်ပင်ဧည့်ရိပ်သာ၊ သပြေကုန်းဈေး၊ သုခတော်ဝင်အိမ်ရာရှေ့နဲ့ ဘောဂသီရိကားဝင်းအတွင်း စုစုပေါင်းလေးနေရာကို EV ယာဉ်တွေအတွက် Charging Station တွေ တည်ဆောက်လျက်ရှိရာ N.P.K Motors Co.,Ltd က တည်ဆောက်နေတဲ့ သပြေကုန်း EV Charging Station ဆိုရင် မကြာမီက ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် နေပြည်တော်အတွင်းမှာ EV Taxi ပြေးဆွဲခြင်း လုပ်ငန်းကို စတင်ဆောင်ရွက်နိုင်တော့မှာဖြစ်ပါတယ်။ ကားလေး ၁၀ စီး အားသွင်းဖို့ နေပြည်တော်အတွင်းက နေရာ သုံးနေရာကိုလည်း တာဝန်ပေးထားတဲ့ Grand Sirius Co.,Ltd နဲ့ AGAPE Love Co.,Ltd တွေကလည်း လုပ်ငန်းစတင်နေကြပြီဖြစ်ပြီးတော့ မတ်လအတွင်း ရာနှုန်းပြည့်ပြီးစီးအောင် တည်ဆောက်မှာဖြစ်ပါတယ်။



ဒုတိယဝန်ကြီး ဦးဝင်းဖေ

ရန်ကုန်မှာဆိုရင် ကြည့်မြင်တိုင်မြို့နယ်မှာရှိတဲ့ သခင်မြပန်းခြံ၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှာရှိတဲ့ ရန်ကုန်ဘူတာကြီးရှေ့၊ မြောက်ဥက္ကလာပမြို့နယ်မှာ အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်း၊ လှိုင်သာယာမြို့နယ်မှာ ဒဂုံ- ဧရာ အဝေးပြေး ယာဉ်ရပ်နားစခန်းနဲ့ သီရိမင်္ဂလာဈေး စုစုပေါင်း ငါးနေရာမှာ EV ယာဉ်တွေအတွက် Charging Station တွေကို တည်ဆောက်ဖို့ တာဝန်ပေးထားတဲ့ Chin Dwin Shan Co.,Ltd၊ Essential Motors Co.,Ltd၊ Myanmar Brilliance Auto Co.,Ltd နဲ့ Asia Pacific Automaker Corporation Co.,Ltd တို့က စတင်တည်ဆောက်နေကြပြီ ဖြစ်ပါတယ်။

မန္တလေးမြို့မှာဆိုရင် ပြည်ကြီးတံခွန်မြို့နယ်မှာ ချမ်းမြရွှေပြည် ယာဉ်ရပ်နားစခန်း (အဟောင်း) (၁၁၄ လမ်းနဲ့ ကိုလံဘိုမြောင်းဘေး)၊ အောင်မြေသာစံမြို့နယ်မှာ (၁၄) လမ်းနဲ့ (၆၆) လမ်းထောင့် (ကျုံးပတ်လမ်း)၊ ချမ်းမြသာစည်မြို့နယ်မှာ သိပ္ပံလမ်း (၁၀၁) လမ်း တောင်ဘက်၊ ရေပေးရေးဝင်းရဲ့အနောက်ဘက် (ဆင်ဖြူကန်ကွင်း)၊ ချမ်းအေးသာစံမြို့နယ်မှာ (၃၅) လမ်းနဲ့ ပြင်ဦးလွင်-မန္တလေးမြို့ပတ်လမ်းထောင့်၊ အမရပူရမြို့နယ်မှာ အိုးထုတ္တန်း (နှာပေါက်) (မြို့ပတ်လမ်းဘေးရှိ ပန်းခြံမြေနေရာ) စုစုပေါင်း ငါးနေရာကို EV ယာဉ်တွေအတွက် Charging Station တွေ တည်ဆောက်သွားမယ်။

ဒီလို တည်ဆောက်ဖို့ တာဝန်ပေးထားတဲ့ Myanmar Billiance Auto Co.,Ltd၊ Asia Pacific Automaker Corporation Co.,Ltd နဲ့ Myanmar Construction & Development Infrastructure Co., Ltd တို့က စတင်တည်ဆောက်နေကြပြီဖြစ်ပါတယ်။ မတ်လအတွင်း ရာနှုန်းပြည့်ပြီးစီးအောင် တည်ဆောက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်မှာ တည်ဆောက်မယ့် Charging Station တည်နေရာနဲ့ အားသွင်းနိုင်မယ့် အခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။ ။** ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာ အမှတ် (၃) လမ်းဆုံ တိုးလ်ဂိတ်အနီး မိုင် (၁/၀)၊ ဖြူးယာဉ်ရပ်နားစခန်း မိုင်(၁၁၅/၀)၊ နေပြည်တော်လမ်းဆုံ ယာဉ်ရပ်နားစခန်း မိုင် (၂၀၁/၁)၊ သီးကုန်းယာဉ်ရပ်နားစခန်း မိုင် (၂၈၄/၄) နဲ့ စကားအင်း ယာဉ်ရပ်နားစခန်း မိုင် (၃၅၂/၃) စုစုပေါင်း ငါးနေရာမှာ EV ယာဉ်တွေအတွက် Charging Station တွေကို တည်ဆောက်သွားမယ်။ ဒီလို တည်ဆောက်ဖို့ တာဝန်ပေးထားတဲ့ Myanmar Brilliance Auto Co.,Ltd နဲ့ Earth Renewable Energy Co.,Ltd တို့က စတင်လုပ်ဆောင်နေကြပြီဖြစ်ပါတယ်။ သူတို့လည်း မတ်လအတွင်း ရာနှုန်းပြည့်ပြီးစီးအောင် တည်ဆောက်မှာ ဖြစ်ပါတယ်။ ပြီးစီးသွားရင်တော့ အမြန်လမ်းပေါ်မှာရှိတဲ့ Charging Station ငါးနေရာလုံးမှာ ကားလေး ၁၀ စီးနဲ့ ကားကြီး လေးစီး တစ်ပြိုင်နက် Charging သွင်းနိုင်မှာဖြစ်ပါတယ်။



**မေး။ ။ EV ယာဉ်တွေ အားသွင်းဖို့ လက်ရှိ တည်ဆောက်လျက်ရှိတဲ့ Charging Station တွေအပြင် အခြားနေရာတွေမှာ အားသွင်းနိုင်အောင် စီစဉ်ထားတာရှိရင်လည်း ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။ ။** လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန စက်သုံးဆီအရောင်းဆိုင်များ ကြီးကြပ်ရေး ကော်မတီ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့နဲ့ လုပ်ငန်းကော်မတီ (၄) ကိုယ်စား လမ်းဦးစီးဌာနက သက်ဆိုင်ရာ တိုင်းဒေသကြီးအလိုက် ကိုယ်စားလှယ်တွေက နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ စည်ပင်သာယာရေး နယ်နိမိတ်အတွင်းနဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာ အဆိုပြုထားတဲ့ ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်တွေကို ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ စက်မှုဝန်ကြီးဌာနက အဖွဲ့တွေနဲ့ ပူးပေါင်းစိစစ်ချက်လည်းရှိပါတယ်။

ဒီလို စိစစ်ချက်တွေကို ဦးဆောင်ကော်မတီဆီ Charging Station ဆောင်ရွက်မှု အဆင့်အတန်းခွဲခြားပြီးတော့ တင်ပြခဲ့ပါတယ်။ ဒီလိုတင်ပြမှုကို ဦးဆောင်ကော်မတီက ပထမအဆင့်အနေနဲ့ Garde-A အဆင့် ၃၈ ဆိုင်မှာ ရန်ကုန်နယ်နိမိတ်အတွင်း ၂၄ ဆိုင်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာ ခုနစ်ဆိုင်၊ နေပြည်တော် နယ်နိမိတ်အတွင်း ခုနစ်ဆိုင် ရှိပါတယ်။

ဒီ ၃၈ ဆိုင်အနက် 60 kW Dual Gun Charger တစ်လုံးစီ တပ်ဆင်မယ့် ၂၉ ဆိုင်၊ Charger နှစ်လုံးစီ တပ်ဆင်မယ့် ငါးဆိုင်၊ Charger သုံးလုံးစီ လေးဆိုင်တို့အတွက် စုစုပေါင်း Charger ၅၁ လုံးကို ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ခွင့်ပြုထားပြီးဖြစ်ပါတယ်။ စက်သုံးဆီ အရောင်းဆိုင်ပိုင်ရှင်တွေထံကို Charging Station ထည့်သွင်းတပ်ဆင်တည်ဆောက်မယ့် အစီအမံတွေကို တောင်းခံထားပြီး တည်ဆောက်ခြင်းလုပ်ငန်းတွေကို သုံးလအတွင်း အပြီးတည်ဆောက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ အခုလက်ရှိ စတင်ဆောင်ရွက်နေတဲ့ Charging Station တွေက Pilot Project အနေနဲ့ စတင်ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားမယ့် အခြေအနေကိုလည်း ပြောကြားပေးပါ။**

**ဖြေ။ ။** EV Charging Station တွေကို Pilot Project အနေနဲ့ နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး ဦးဆောင်ကော်မတီရဲ့ လမ်းညွှန်မှုနဲ့ တစ်နိုင်ငံလုံးကို အပိုင်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

EV ယာဉ်တွေ တစ်နိုင်ငံလုံး ပြေးဆွဲအသုံးပြုနိုင်ဖို့အတွက် အဓိကလမ်းမကြီးတွေ ဖြစ်တဲ့ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၊ ရန်ကုန်-ပြည်လမ်း၊ ရန်ကုန်-ပုသိမ်လမ်း၊ ဘုရားကြီး-သထုံ-မော်လမြိုင်လမ်း၊ မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦးလမ်း၊ မိတ္ထီလာ-တောင်ကြီးလမ်း၊ မန္တလေး-ပြင်ဦးလွင်-လားရှိုးလမ်း စတဲ့ နိုင်ငံရဲ့အသက်သွေးကြော လမ်းမကြီးတွေပေါ်မှာ Charging Station တည်ဆောက်ဖို့ ကြိုတင်လေ့လာမှုတွေကိုလည်း ပြုလုပ်ထားပြီး ဖြစ်ပါတယ်။

**မေး။ ။ အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

## တရုတ်နိုင်ငံ၏ ကုန်စည်တင်ပို့မှု ယခုနှစ် ပထမနှစ်လအတွင်း သုည ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်



ပေကျင်း မတ် ၇

တရုတ်နိုင်ငံ၏ ကုန်စည်တင်ပို့မှုသည် ယခုနှစ် ပထမနှစ်လဖြစ်သည့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ယွမ် ၃ ဒသမ ၅ ထရီလီယံတန်ဖိုးရှိခဲ့ခြင်းကြောင့် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း တရုတ်နိုင်ငံ၏ တရားဝင်အချက်အလက်များအရ သိရသည်။

တရုတ်နိုင်ငံ၏ ပြည်ပကုန်သွယ်မှုတန်ဖိုးမှာမူ ယခုနှစ် ပထမနှစ်လတာကာလအတွင်း ယွမ် ၆ ဒသမ ၁၈ ထရီလီယံရှိခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၈ ရာခိုင်နှုန်းကျဆင်းမှုရှိခဲ့ကြောင်း တရုတ်နိုင်ငံအထွေထွေ အကောက်ခွန်ဦးစီးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံ၏ ကုန်စည်တင်သွင်းမှုသည် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ယွမ် ၂ ဒသမ ၆၈ ထရီလီယံ တန်ဖိုးရှိခဲ့ခြင်းကြောင့် ယမန်နှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၉ ရာခိုင်နှုန်းလျော့ကျမှုရှိခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်



## မြောက်ကိုရီးယားနိုင်ငံက မတ်လနှင့် ဧပြီလတို့အတွင်း တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်များ ပစ်လွှတ်ဖွယ်ရှိ

ဆိုးလ် မတ် ၇

မြောက်ကိုရီးယားနိုင်ငံသည် မတ်လနှင့် ဧပြီလတို့တွင် နိုင်ငံအတွင်း အသစ်ထုတ်လုပ်သည့် အစိုင်အခဲလောင်စာသုံး တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်များကို ပထမဆုံးအကြိမ်အဖြစ် ပစ်လွှတ်သွားဖွယ်ရှိကြောင်း တောင်ကိုရီးယားထောက်လှမ်းရေး အေဂျင်စီ၏ ပြောကြားချက်ကို အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်က ဖော်ပြထားသည်။

သုံးသပ်

အဆိုပါအကြောင်းအရာနှင့် စပ်လျဉ်း၍ မတ် ၇ ရက်တွင် ပြုလုပ်သည့် မြောက်ကိုရီးယားနိုင်ငံ၏ လှုပ်ရှားဆောင်ရွက်မှုဆိုင်ရာ ပါလီမန်ထောက်လှမ်းရေးကော်မတီအစည်းအဝေးတွင် တောင်ကိုရီးယားထောက်လှမ်းရေးအေဂျင်စီက သုံးသပ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် မတ်လနှင့် ဧပြီလတို့တွင် န္ယူကလီးယားတပ်ဖွဲ့ဝင်များ ပါဝင်သော အကြီးမားဆုံးသော စစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်လာဖွယ်ရှိကြောင်း တောင်ကိုရီးယားနိုင်ငံ၏ ပါလီမန်ထောက်လှမ်းရေးကော်မတီအစည်းအဝေးသို့ တက်ရောက်လာသည့် ဥပဒေပြုအမတ်များက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ ခေါင်းဆောင်ကင်ဂျုံအမ်၏ လမ်းညွှန်ချက်အရ ဧပြီလတွင် စစ်ဘက်ဆိုင်ရာထောက်လှမ်းရေးဂြိုဟ်တုကို လွှတ်တင်သွားဖွယ်ရှိနေကြောင်း တောင်ကိုရီးယားနိုင်ငံ ထောက်လှမ်းရေးအေဂျင်စီက ပြောကြားသည်။

လက်တလောသုံးသပ်ချက်အရ မတ် ၁၃ ရက်တွင် စတင်ရန်စီစဉ်ထားသည့် အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုအစီအစဉ်ကို မြောက်ကိုရီးယားနိုင်ငံက တုံ့ပြန်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အလင်းသစ်

## တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားအဖြစ် တည်ရှိ

ဟာဗားနား မတ် ၇

တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ရပ်အဖြစ် တည်ရှိနေကြောင်း ကျူးဘားပညာရှင်တစ်ဦးက ပြောကြားသည်။

ယမန်နှစ်အတွင်းက တရုတ်နိုင်ငံ၏ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး တိုးတက်လာခြင်းက ကမ္ဘာ့စီးပွားရေးတိုးတက်မှုအတွက်ပါ အပေါင်းလက္ခဏာဘက်သို့ ဦးတည်သွားစေကြောင်း ကျူးဘားနိုင်ငံတကာ မူဝါဒလေ့လာရေးစင်တာမှ ပညာရှင် အာဒိုရီဂါလာဒိုက ပြောကြားသည်။ ကမ္ဘာ့နိုင်ငံများက တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာသည့်အရေးကို ကြိုဆိုနေကြောင်း သိရသည်။

ကျူးဘားအပါအဝင် လက်တင်အမေရိကနိုင်ငံများသည် တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့ရာမှ ရရှိမည့်အမြတ်အစွန်းကိုသာ အဓိကအားထားနေရသောကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် အဆိုပါ နိုင်ငံများအတွက် အရေးပါကြောင်း ၎င်းက ပြောကြားသည်။ တရုတ်နိုင်ငံသည် ကျူးဘားနိုင်ငံ၏ စီးပွားရေးမိတ်ဖက်နိုင်ငံတစ်ခုဖြစ်သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## ဂျပန်နိုင်ငံ အီဆူဇူးကုမ္ပဏီ ပထမဆုံး လျှပ်စစ်ထရပ်ကား ထုတ်လုပ်

တိုကျို မတ် ၇

ဂျပန်နိုင်ငံမှ အီဆူဇူးကုမ္ပဏီက ပထမဆုံးလျှပ်စစ်ထရပ်ကားကို စတင်ထုတ်လုပ်ခဲ့ကြောင်း သိရသည်။ ယင်းမော်တော်ယာဉ်မှာ ဘက်ထရီသုံးလုံးတပ်ဆင်အသုံးပြုနိုင်သည့် အမျိုးအစားဖြစ်ပြီး ပေါ့ပါးကာ လျှပ်စစ်ဓာတ်အား တစ်ကြိမ်သွင်းထားပါက ကီလိုမီတာ ၁၇၀ ခန့်သွားလာနိုင်ကြောင်း သိရသည်။

ဂျပန်အစိုးရသည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် တစ်နိုင်ငံလုံး၌ လျှပ်စစ်ထရပ်ကား ၂၀ မှ ၃၀ ရာခိုင်နှုန်းအထိ သုံးစွဲသွားရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ မစ်ဆူဘီရှီဖူဆို ကားကုမ္ပဏီကလည်း ၎င်း၏ ခေတ်မီလျှပ်စစ်ကားများကို ယခုနှစ်အတွင်း ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်နေသည်။ ဟီးနိုးကုမ္ပဏီသည် ယမန်နှစ်အတွင်းက လျှပ်စစ်ထရပ်ကားထုတ်လုပ်ခဲ့ပြီး ယင်းကားမှာ တစ်ကြိမ်အားသွင်းထားပါက ၁၅၀ ကီလိုမီတာအထိ သွားလာနိုင်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ






## ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၌ ငါးထပ်အဆောက်အအုံတစ်ခု ပေါက်ကွဲမှုဖြစ်ပွား

ဒါကာ မတ် ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာရှိ ငါးထပ်အဆောက်အအုံတစ်ခုတွင် ယနေ့ ပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး ခုနစ်ဦးသေဆုံးပြီး ၇၀ ခန့်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် အဆိုပါ အဆောက်အအုံ၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး မီးလောင်ကျွမ်းခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ လက်ရှိအချိန်တွင် မီးသတ်တပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာ၌ မီးငြိမ်းသတ်ရေးတာဝန်များ ဆောင်ရွက်နေပြီး ဒဏ်ရာပြင်းထန်သူများအား ဆေးရုံရှိ အထူးကြပ်မတ်ကုသဆောင်၌ ဆေးဝါးကုသမှုပေးနေကြောင်း သိရသည်။ အခင်းဖြစ်ပွားရာ အဆောက်အအုံတွင် ဘဏ်ခွဲတစ်ခု၊ ကြွေထည်ဆိုင်နှင့် သန့်ရှင်းရေးပစ္စည်း ကိရိယာများရောင်းချသည့်ဆိုင်တို့ ဖွင့်လှစ်ထားသည်။ ပေါက်ကွဲမှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းခံကို တာဝန်ရှိသူများက စုံစမ်းလျက်ရှိသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၈၂)ရပ်ကွက်နေ စိုးမြတ်နွယ်သည် ၎င်းအသုံးပြုသည့် "Soe Myat Nwe" Tik Tok အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက်နေ ဖြိုးဝေအောင်သည် ၎င်းအသုံးပြုသည့် "Phyo Wai Aung" Facebook အကောင့်၊ အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက်နေ ဝိုင်းမင်းခန့်(ခ)ဝတုတ်သည် ၎င်းအသုံးပြုသည့် "Waing Min Khant" Facebook အကောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဗိုလ်ဗိုလ်နိုင်ဝင်း(ခ) ဗိုလ်ဗိုလ်သည် ၎င်းအသုံးပြုသည့် "Bo Bo" Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၆) ရပ်ကွက်နေ ဇင်ဘိုမြင့်သည် ၎င်းအသုံးပြုသည့် "Zin Bo Myint" Facebook အကောင့်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့နယ် အမှတ်(၂)ရပ်ကွက်နေသူများဖြစ်သည့် မိုင်ဆမ်လူ (ခ)ဆမ်လူ၊ ကြယ်ကလေးနှင့် စိုင်းလောဝ်တို့ သုံးဦးသည် ၎င်းတို့အသုံးပြုသည့် Tik Tok အကောင့်များနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ ခင်ချိုထွေးသည် ၎င်းအသုံးပြုသည့် "Khin Cho Htwe" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဖျာပုံမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်မှုဖြစ်ပွားနေသည့် ငါးဖမ်းစက်လှေပေါ်မှ လှေသားများကို တပ်မတော်စစ်ရေယာဉ်ဖြင့် ကူညီကယ်ဆယ်

နေပြည်တော် မတ် ၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၏ အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာရှိ မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းစက်လှေ တစ်စင်း ရေဝင်နစ်မြုပ်နေကြောင်း ဒေသခံလှေများ၏ သတင်းပေးချက်အရ မတ် ၆ ရက် ညပိုင်းတွင် လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ရေယာဉ်က သွားရောက်ကူညီကယ်ဆယ်ပေးခဲ့ကြောင်း သိရသည်။

**နစ်မြုပ်ခဲ့ခြင်းဖြစ်**

အဆိုပါ ငါးဖမ်းစက်လှေသည် လှေသားသုံးဦးလိုက်ပါ၍ မတ် ၆ ရက် ည ၇ နာရီခန့်တွင် ဓမင်းဆိပ်ကျေးရွာမှ ပင်လယ်ပြင်ရှိ ငါးဖမ်းလှေများထံသို့ ရေခဲနှင့်စက်သုံးဆီများ ပို့ဆောင်ရန် ထွက်ခွာလာစဉ် ဖျာပုံမြစ်ဝအရောက် လှေရှိရေစုပ်ပန့် ချို့ယွင်းပြီး ရေဝင်မှုအား မထိန်းနိုင်သောကြောင့် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရေဝင်နစ်မြုပ်မှုဖြစ်ပွားခဲ့သော ငါးဖမ်းလှေပေါ်မှ လှေသားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ရေယာဉ်ပေါ်သို့ တင်ဆောင်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးပြီး အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် မတ် ၇

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ကောင်းခန့်(ခ) တရုတ်ကြီးနှင့် ရွှေရည်ဦး(ခ) သူသူအောင်တို့က တစ်မြို့နယ်တည်းနေ မ---၊ ၁၉နှစ်ကို ရှန်တုန်းမြို့တွင် နေထိုင်သည့် တရုတ်အမျိုးသားထံ ယွမ် ၅၀၀၀၀ ဖြင့် ရောင်းစား၍ ငွေကြေးအကျိုးအမြတ်ရယူခဲ့သဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်း၌ (ပ) ၁၁၈၁/၂၀၁၇၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်၍ ဒဂုံမြို့သစ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၃ ရက်တွင် တရားခံ ကောင်းခန့်(ခ) တရုတ်ကြီးနှင့် ရွှေရည်ဦး(ခ) သူသူအောင်တို့ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## မော်လမြိုင်မြို့နယ်တွင် သဘာဝဘေးဒဏ်ခံနိုင်သော ရပ်ရွာအသိုက်အဝန်းဖြစ်ပေါ်ရေး ပညာပေးခြင်းနှင့် ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်

မော်လမြိုင် မတ် ၇

မွန်ပြည်နယ်အတွင်း ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ဘေးအန္တရာယ်များမှ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြင့် ထိရောက်မြန်ဆန်စွာ ကူညီဆောင်ရွက်ပေးလျက်ရှိရာ မွန်ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဦးဆောင်၍ မတ် ၃ ရက်မှ စတင်ပြီး မော်လမြိုင်မြို့နယ် လှိုင်ရပ်ကွက်၊ ဇေယျာသီရိရပ်ကွက်၊ သာယာအေးရပ်ကွက်၊ ရွှေမြိုင်သီရိရပ်ကွက်နှင့် မုပွန်ရပ်ကွက်တို့အတွင်း ကြံ့ခိုင်မှုမရှိသော နေအိမ်များကို မိုးကြိုကာလ လေဘေးကြိုတင်ကာကွယ်ရေး အားဖြည့်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**ကွင်းဆင်းဆောင်ရွက်**

ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက လူမှုရေးအသင်းအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မတ် ၆ ရက် မွန်းလွဲပိုင်းက မော်လမြိုင်မြို့ လှိုင်ရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် မော်လမြိုင်မြို့နယ်နှင့် ချောင်းဆုံမြို့နယ်ရှိ ရပ်ကွက် ခြောက်ခု၊ ကျေးရွာ သုံးရွာမှ သတ်မှတ်ချက်နှင့် ကိုက်ညီသော အိမ်ခြေ ၉၀၀ ကျော်ကို လေပြင်းဒဏ်ခံ ကြံ့ခိုင်မှုရှိရန် အားဖြည့်ပြင်ဆင်မှုအဖြစ် သွပ်နန်းကြိုးများ တုပ်ဆိုင်းပေးခြင်း၊ ကျားကန်ထောင်မတ်ပေးခြင်း၊ ဝါးထရံ၊ ဓနိ၊ သက်ငယ်များ အသုံးပြုပြီး အားဖြည့်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြောင်း၊ မွန်ပြည်နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဧပြီ ၁ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ မီးဘေး၊ ရေဘေး၊ လေဘေး၊ မိုးကြိုးဘေး၊ မြေပြိုဘေးနှင့် အခြားဘေး စုစုပေါင်း အကြိမ် ၇၀ ဖြစ်ပွားခဲ့ရာ ထောက်ပံ့ငွေနှင့် ထောက်ပံ့ရေးပစ္စည်း ကျပ် ၆၆၀၈၂၅၀၀ ကျော် ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ရွှေတိဂုံစေတီတော် (၅၇၉)ကြိမ်မြောက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲနှင့် ထုတိအနုမောဒနာ ချီးကျူးဂုဏ်ပြုလွှာပေးအပ်ပွဲ ကျင်းပ



**ရန်ကုန် မတ် ၇**

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ စေတနာ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းထားကြသည့် ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များကို ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က (၅၇၉)ကြိမ်မြောက် ထုတိအနုမောဒနာ ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးသိန်းထွန်းမောင်နှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာ ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ဩဝါဒါစရိယ၊ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ အခမ်းအနားသို့ တက်ရောက်လာကြသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ရေစက်ချ အနုမောဒနာတရားနာယူကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲတွင် ရွှေသင်္ကန်းတော် ရွှေပြားအလှူရှင် ၂၀ က ရွှေပြား အချပ် ၂၀ လှူဒါန်းခဲ့ကြပြီး ငွေသားအလှူရှင် ၅၄ ဦး အပါအဝင် လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၁၇၁၀၄၀၁၄၈၀ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရား နောင်တော်ကြီးစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကျင်းပ



**တောင်ငူ မတ် ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရား နောင်တော်ကြီးစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားကို မတ် ၅ ရက် နံနက် ၉ နာရီက နောင်တော်ကြီးစေတီတော်ရင်ပြင်၌ ကျင်းပသည်။

**ခံယူဆောက်တည်**

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားအား ဖွင့်လှစ်ပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့်ဇနီး ဒေါ်ဖြူဖြူသန့်၊ ၇ ရက်သားသမီး အလှူရှင် အလှူဒါယကာ၊ ဒါယိကာမများက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယမထေရ်မြတ်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ အလှူရှင်များက ရတနာစိန်ဖူးတော်၊ ရတနာခြယ်ငှက်မြတ်နားတော်များကို လက်ယာရစ် တစ်ပတ် လှည့်လည်ပူဇော်၍ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြပြီး တိုင်းမှူးနှင့် ဇနီးတို့က အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်၍ စေတီအထွတ်သို့ တင်လှူကြသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် မိသားစုဝင်များ၊ တောင်ငူခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ၇ ရက်သားသမီး အလှူရှင်များက သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# (၂၅)ကြိမ်မြောက် အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီ အစည်းအဝေးကျင်းပ






**နေပြည်တော် မတ် ၇**

(၂၅) ကြိမ်မြောက် အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီအစည်းအဝေး (25th ASEAN Senior Level Committee– SLC on Financial Integration) ကို ယနေ့ မြန်မာစံတော်ချိန် နံနက် ၈ နာရီတွင် Hybrid Format ဖြင့် ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင် တက်ရောက်သည်။

**အဖွင့်အမှာစကား ပြောကြား**

ဦးစွာ ပူးတွဲသဘာပတိများဖြစ်ကြသည့် စင်ကာပူနိုင်ငံ ငွေကြေးအာဏာပိုင်အဖွဲ့မှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးနှင့် လာအိုနိုင်ငံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများက အဖွင့်အမှာစကား ပြောကြားပြီး အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံး (ASEAN+3 Macroeconomic Research Office – AMRO) နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank–ADB) တို့က လတ်တလော မေခရိုစီးပွားရေးအခြေအနေများ၊ ကမ္ဘာ့တစ်ဝန်းနှင့် ဒေသတွင်းဆိုင်ရာ ငွေရေးကြေးရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြကြသည်။

ဆက်လက်၍ အာဆီယံနိုင်ငံများအချင်းချင်း သတင်းအချက်အလက် အပြန်အလှန်ချိတ်ဆက်နိုင်သော မူဘောင် (ASEAN Interoperable Data Framework) နှင့် အာဆီယံနိုင်ငံများအချင်းချင်း ငွေပေးချေမှုစနစ်များ ချိတ်ဆက်မှုအစီအစဉ် (ASEAN Multilateral Payments Connectivity Initiative) တို့နှင့် စပ်လျဉ်းသည့် တိုးတက်မှုအခြေအနေများကို သက်ဆိုင်သည့် လုပ်ငန်းကော်မတီများက ရှင်းလင်းတင်ပြကြပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည့် အကြောင်းအရာများ၊ တိုးတက်မှုအခြေအနေများနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community–AEC) လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် အာဆီယံဘဏ်လုပ်ငန်းပေါင်းစည်းရေးမူဘောင် (ASEAN Banking Integration Framework–ABIF)၊ ငွေလုံးငွေရင်းစာရင်း ပိုမိုလွတ်လပ်ခွင့်ပြုရေး (Capital Account Liberalization–CAL)၊ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်မှု (Capital Market Development–CMD)၊ အားလုံးပါဝင်သော ငွေရေးကြေးရေးကဏ္ဍ (Financial Inclusion–FINC)၊ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်ခွင့်ပြုရေး (Financial Services Liberalization–FSL)၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် (Payment and Settlement System–PSS)၊ စွမ်းရည်မြှင့်တင်ရေး ကြီးကြပ်ထိန်းကျောင်းမှုကော်မတီ (Steering Committee on Capacity Building – SCCB) တို့နှင့် စပ်လျဉ်း၍ နောက်ဆုံးတိုးတက်မှုအခြေအနေများကို လုပ်ငန်းကော်မတီအသီးသီးက ရှင်းလင်းတင်ပြရာ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများက လမ်းညွှန်မှုများပြုခဲ့ကြသည်။

ထို့နောက် အဆင့်မြင့်ကော်မတီ လုပ်ငန်းအဖွဲ့၏ ပူးတွဲသဘာပတိများက ရေရှည်တည်တံ့ခိုင်မြဲပြီး အကျပ်အတည်းဖြစ်ပေါ်မှုဒဏ်ကို ခံနိုင်ရည်ရှိစေရေး အထောက်အကူပြုဘဏ္ဍာငွေ (Sustain–able Finance) နှင့်စပ်လျဉ်း၍ လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံဗဟိုဘဏ်က အာဆီယံဒေသတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာခံနိုင်ရည်ရှိမှုနှင့် သတင်းအချက်အလက်များမျှဝေခြင်းအစီအစဉ် (ASEAN Cybersecurity Resilience and Information Sharing Platform– CRISP) နှင့် စပ်လျဉ်း၍ လည်းကောင်း၊ အာဆီယံငွေကြေးဖလှယ်မှုအစီအစဉ် (ASEAN Swap Arrangement)နှင့် စပ်လျဉ်း၍ ဖေဖော်ဝါရီ ၅ ရက်က အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် အာဆီယံငွေကြေးဖလှယ်မှုအစီအစဉ်လုပ်ငန်းအဖွဲ့ အစည်းအဝေး၏ အချက်အလက် အကျဉ်းချုပ်အား ဖိလစ်ပိုင်နိုင်ငံ ဗဟိုဘဏ်က လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေး အဆင့်မြင့်ကော်မတီဆိုင်ရာ အချက်များ (Terms of Reference –TOR) နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်များအား စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့က လည်းကောင်း၊ ဒုတိယအကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကျင်းပရေးနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ အာဆီယံလုပ်ငန်းကော်မတီများ ပေါင်းစည်းရေးကိစ္စရပ်များကို အင်ဒိုနီးရှားနိုင်ငံဗဟိုဘဏ်က လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် အစည်းအဝေးပူးတွဲသဘာပတိများက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# မှားမှန်းသိရင် ပြင်လိုက်မယ်

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ



'အလုပ်မှန်သမျှ ဂုဏ်ရှိစွ' ဆိုတဲ့စကား ရှိခဲ့ကြားခဲ့ဖူးပါတယ်။

'အလုပ်မှန်သမျှ ဂုဏ်ရှိတယ်' ဆိုတော့ ဂုဏ်ဆိုတာ ကောင်းမြတ်တဲ့အကျိုးပေးကို ဂုဏ်လို့ သတ်မှတ်ရင် အလုပ်ဟာလည်း ကောင်းတဲ့အလုပ်ပဲဖြစ်ရမှာပါ။ ဒီလိုမှမဟုတ်ဘဲ ဂုဏ်ဆိုတာကို ကောင်းမြတ်တယ်လို့ မသတ်မှတ်ဘဲ အကျိုးပေးသက်သက်လို့ ယူဆကြရင် ကောင်းတဲ့အလုပ်ကလည်း ကောင်းတဲ့အကျိုးကို ဖြစ်ပေါ်စေမှာပါပဲ။ ဆိုးတဲ့မကောင်းတဲ့အလုပ်ကလည်း ဆိုးတဲ့မကောင်းတဲ့အကျိုးကိုတော့ ပေါ်ထွန်းစေမှာ အမှန်ပါပဲ။

ကောင်းအောင်နေရင် ကောင်းဂုဏ်တက်တယ်။ ကောင်းတဲ့သူဖြစ်တယ်။ မကောင်းအောင်နေရင် မကောင်းဂုဏ်တက်တယ်။ ကောင်းဂုဏ်ပျက်တယ်။ မကောင်းတဲ့သူဖြစ်တာပေါ့။

မကောင်းတဲ့သူဖြစ်ပြီဆိုတော့ မကောင်းတဲ့အလုပ်ကို အလုပ်ကောင်းထင်ပြီး ဆက်ပြီးမှားနေတတ်တဲ့လူတွေရှိသလို၊ မကောင်းတဲ့အလုပ်ကို မကောင်းတဲ့အလုပ်မှန်းသိပြီးတော့ ရှောင်ကြဉ်တယ်၊ ပြုပြင်တယ်၊ မှန်အောင်ကြိုးစားလာကြတာတွေလည်း ရှိကြပါတယ်။

မကောင်းတဲ့အလုပ်မှန်းသိဖို့၊ ကောင်းတဲ့အလုပ်မှန်းသိဖို့ဆိုတာက ကိုယ်လုပ်နေတာ၊ ကိုယ်ပြောနေတာ၊ကိုယ်စဉ်းစားနေတာကို ဟုတ်လှပြီထင်နေရင်တော့ ဘယ်မှာလာပြီး သိလိမ့်မလဲ။

အလုပ်တစ်ခု မလုပ်မီကတည်းက စိတ်အေးချမ်းသာယာဖို့၊ ကိုယ်ကျန်းမာဖို့၊ မိမိလည်း အပြစ်ကင်း၊ မိမိအကြောင်းပြုပြီး သူတစ်ပါးအတွက် အနှောင့်အယှက်အပြစ်ကင်း ကောင်းကျိုးချမ်းသာတွေရစေဖို့သာ ရည်ရွယ်မှန်းထားပြီး ပြုလုပ်ပြောဆို ကြံစည်မယ်၊ ကောင်းကျိုးချမ်းသာတွေကိုသာရအောင် မရမချင်းကြိုးစားမယ်ဆိုတဲ့ နှလုံးသွင်းကောင်းမျိုးတွေ ရှိရမှာပါ။

အလုပ်မလုပ်မီကတည်းက နှလုံးသွင်းကောင်းရှိရသလို အလုပ်လုပ်ကိုင်နေရင်း၊ ပြောဆိုနေရင်း၊ ကြံစည်နေရင်းလည်း ဒီနှလုံးသွင်းကောင်းကတော့ ရှိရမှာပါပဲ။ အလုပ်တစ်ခုပြီးသွားတိုင်း မိမိလိုလားတဲ့ အကျိုးဂုဏ်တစ်ခုမျှမရဘူးဆိုရင် အရှုံးပါပဲ။ အလုပ်တစ်ခုတော့လုပ်နေပါတယ်။ ပြုနေပါတယ်။ ကျင့်နေပါတယ်။ လုပ်ပြီး၊ ပြုပြီး၊ ကျင့်ပြီးတိုင်း ကောင်းတဲ့ အကျိုး ကောင်းတဲ့ဂုဏ်ကို မရဘူးဆိုရင် အရှုံးကြီးကို ဆုံးရှုံးတော့တာပါပဲ။

"အရှင်ဘုရား၊ တပည့်တော် တရားအားထုတ်သက် ကြာခဲ့ပါပြီဘုရား"

"အင်း"

"အဲဒါ တရားအားထုတ်သက် ကြာလာတာနဲ့ အမျှ ဒီတရားအလုပ် အားထုတ်ရတာဟာ တစ်ခါလာလည်း ဒါပဲ၊ တစ်ခါလာလည်း ဒါပဲ၊ ကြာတော့ ငြီးငွေ့ ငြီးငွေ့လာပါတယ်ဘုရား"

"အင်း"

"အဲဒါ တပည့်တော် ဒီလောက်တောင် ငြီးငွေ့တဲ့ ဉာဏ်၊ ဟို . . နိဗ္ဗိန္ဒဉာဏ်တွေရင့်သန်လာမှတော့ အားလုံးကို ငြီးငွေ့ပြီး ဘာမျှမလုပ်ဘဲနေလိုက်တော့တယ်ဘုရား"

"ဩော်. . . အဲဒီလိုလား"

"ဩော်.. အရှင်ဘုရားကလည်း တပည့်တော်က အသေအချာလျှောက်ပြနေတာပါ။ အရှင်ဘုရားက ပေါ့တော့တော့ကြီးပြန်ဖြေနေတာကိုး"

"တပည့်တော် တကယ်လျှောက်ပြနေတာပါ ဘုရား၊ တပည့်တော်ရဲ့ ဉာဏ်အဆင့်အတန်းကိုလည်း အရှင်ဘုရားသိအောင်လို့၊ နောက်ပြီး ဒါဆို ဒီဉာဏ်ရဖို့ ဒီလိုလုပ်၊ ဟိုဉာဏ်ရဖို့ ဟိုလိုလုပ် အရှင်ဘုရားက နည်းပေးနိုင်အောင်လို့ပါ"

"ဩော်"

"အရှင်ဘုရားကလည်း တအင်းအင်း၊ တဩော်ဩော်နဲ့၊ တပည့်တော်မရဲ့ ယောဂီသက်က ရင့်လှပါပြီဘုရား၊ ကြာလှပါပြီ၊ နိဗ္ဗိန္ဒဉာဏ်လောက်ကတော့ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတည်းက ရလာတာပါ။ အခုတပည့်တော် ဘာမျှလိုချင်စိတ်မရှိတော့ဘူး။ လုပ်ချင်စိတ်လည်း မရှိတော့ဘူး။ တစ်လောကလုံးက ငြီးငွေ့စရာတွေချည်းပဲ။ ဒါတွေကိုပဲ တွေ့နေမှတော့ ဘာလုပ်စရာလိုတော့မလဲဘုရား"

မိမိနဲ့သိတာကတော့ သိပ်မကြာသေးပါ။ မိမိ ရန်ကုန်ကို သာသနာ့တာဝန်တစ်ခုနဲ့ရောက်လာမှ သိကျွမ်းလာခဲ့တာပါ။

ဖော်ဖော်ရွေရွေပြောတတ်၊ ဆိုတတ်ပါပဲ၊ သာသနာမှာ ရဟန်းသံဃာတွေနဲ့လည်း ရင်းနှီး၊ ကြည်ညိုတတ်ပါတယ်။ စေတနာလည်း ကောင်းပါတယ်။ တရားအားထုတ်တာလည်း ဝါသနာပါပါတယ်။

အခု သူပြောလာတဲ့စကားတွေနဲ့ပတ်သက်ပြီး တစ်ခုခုတော့ ပြန်ပြီးပြောမှဖြစ်တော့မယ့် အခြေအနေကို ရောက်နေပါပြီ။ ပြန်ပြောစရာစကားတော့ ရှိပါတယ်။ ရှင်းပြစရာတွေ အသိပေးဖို့ ဗဟုသုတ အမှန်ပေးဖို့ဆိုတဲ့ စိတ်လည်း ဖြစ်မိပါတယ်။ ဒါပေမဲ့ ... ဆိုပြီးတော့ ချင့်ချိန်စရာတွေ၊ ပြောသင့်၊ မပြောသင့်ဆိုတာတွေက နောက်ဆက်တွဲပေါ်လာခဲ့ပါတယ်။

"ကဲ. . သာသနာရဲ့မျက်နှာကိုပဲ ကြည့်ပြီး အရှင်ဘုရားရှင်ကို အာရုံပြုပြီးပြောရမှာပါပဲ"

"ကဲ ... ဒကာမကြီး၊ ဒကာမကြီးက ဒီလောက်တောင် စကားခေါ်နေမှတော့ ဩော်တွေ၊ အင်းတွေ မလုပ်ဘဲ စကားနည်းနည်းပြောရတော့မှာပေါ့"

"ပြောပါဘုရား၊ အရှင်ဘုရားဆီက ဒီနိဗ္ဗိန္ဒဉာဏ်ဖြစ်ပြီးရင် ဘာဉာဏ်တွေ ဖြစ်ရမယ်။ ဒါမှ အရိယာမဂ်ဉာဏ်ကျမယ်၊ သောတာပန်ဖြစ်မယ်။ အဲဒီလို စကားတွေ သိချင်လွန်းလို့လာခဲ့တာပါဘုရား။ ကဲ... မိန့်ပါဘုရား..."

"ကဲ... မိန့်ပါဆိုရင် မိန့်ပါမယ်။ ဒါပေမဲ့ ဦးပဇ္ဇင်းစိတ်ကူး၊ ဦးပဇ္ဇင်းစကားနဲ့တော့ ပြောမှာမဟုတ်ဘူး။ ဘုရားရှင်ရဲ့စကားကိုပဲ ပြောမှာပါ"

"မှန်ပါဘုရား၊ ပြောသာ ပြောပါ။ ပိုပြီးကြည်ညိုရတာပေါ့"

"အခါတစ်ပါး ဘုရားရှင်က ပထမသမ္ဗောဓိအတွင်း နေရဉ္စရာမြစ်ဘေးမှာ တစ်ပါးတည်း ကိန်းအောင်းနေစဉ် ဉာဏ်ပညာဦးဆောင်တဲ့ အကြံအစည် စဉ်းစားမှုတစ်ခုပေါ်လာပါတယ်"

"ငါဟာ လွတ်မြောက်ပြီတဲ့။ မှားယွင်းတဲ့ ဒုက္ကရစရိယာအကျင့်၊ လူတွေအသုံးများ အပြောများတဲ့ ခြောက်နှစ်ကြာအောင်ကျင့်တဲ့ ဒုက္ကရစရိယာအကျင့်က လွတ်လာခဲ့ပြီ၊ လွတ်မြောက်ခဲ့လို့လည်း ဘုရားဖြစ်ပြီတဲ့။ အဲဒီလို စဉ်းစားဉာဏ်ပေါ်လာခဲ့ပါတယ်"

"အဲဒီအခါ မာရ်နတ်ကလာပြီး မစင်ကြယ်သေးဘဲ စင်ကြယ်တယ်၊ မလွတ်မြောက်သေးဘဲ လွတ်မြောက်တယ်၊ တပေါကမ္မ ခဲယဉ်းပင်ပန်းစွာ ကျင့်ရတဲ့ ဒီအကျင့်ကြီးက ဖယ်ခွာလိုက်တဲ့အတွက် လွတ်မြောက်မှုဆိုတာ ဘယ်လိုမှမရနိုင်ဘူးလို့ ဘုရားရှင်ကို ပြောပါတယ်။ အဲဒီတော့ ဘုရားရှင်က မာရ်နတ်မှန်းသိပါတယ်" **(ဆက်လက်ဖော်ပြပါမည်)**

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပွဲမယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈-ဖြာ မင်္ဂလာ

ဒဂုန်မောင်(ရန်ကုန်တက္ကသိုလ်)

## ဘေးရန်ဥပဒ်ကင်းရမယ်

ခေမံ။

"ဘေးရန်ဥပဒ်မရှိခြင်း၊ ကိလေသာရန်ဟူသမျှ ကင်းဝေးခြင်း၊ ကြောက်ရွံ့ထိတ်လန့်မှု ဘေးမရှိခြင်း၊ ဘေးရန်ဥပဒ်ကင်းရမယ်"လို့ မြန်မာလို အဓိပ္ပာယ်ရတယ်။

၃၈-ဖြာမင်္ဂလာကဗျာတွေရဲ့ ဒသမမြောက်ကဗျာဖြစ်တဲ့ "စိတ်ဓာတ်ကြံ့ခိုင်ရေးမင်္ဂလာလေးပါး"ထဲက နံပါတ်လေးမင်္ဂလာတရားပဲဖြစ်တယ်။ သားတို့ သမီးတို့၊ မောင်တို့မယ်တို့အတွက် ဘဝတစ်သက်တာ မှတ်သားကြရမယ့် မင်္ဂလာတရားတွေပေါ့ကွယ်။

ဟိုးရှေးအခါတုန်းက။

"ကျုပ်ဟာ မျောက်ရဲ့ နှလုံးသားကို စားလိုတဲ့ ချင်ခြင်းဖြစ်ပေါ်နေတယ်။ ဒီမျောက်ကို ဖမ်းပေးမှဖြစ်မယ်"

"ကောင်းပါပြီ ရှင်မရေ၊ ငါရအောင်ကြံဆောင်အံ့၊ ရအောင်ဖမ်းပေးမယ်နော်"

မိကျောင်းမက ဘုရားလောင်းမျောက်မင်းရဲ့နှလုံးသားကို စားလိုတဲ့ချင်ခြင်းကာမယောဂဖြစ်ပေါ်တာကြောင့် မိကျောင်းဖိုကြီးကို အပူကပ်ပြောဆိုတာပေါ့ကွယ်။

လွန်လေပြီးသော ရှည်လျားတဲ့ ကာလအခါကဖြစ်စဉ်ပါပဲ။ ဘုရားအလောင်းမျောက်မင်းဟာ မြစ်တစ်စင်းရဲ့ တစ်ဖက်ကမ်းမှာနေတယ်။ မြစ်လယ်မှာ သီးပင်စားပင်တွေ ပေါများဝေစည်တဲ့ ကျွန်းတစ်ကျွန်းလည်းရှိတယ်။ ကမ်းနဲ့ ကျွန်းရဲ့ကြားမှာ ကြီးမားတဲ့ကျောက်ဖျာ တစ်ခုရှိတယ်။ မျောက်မင်းဟာ ကမ်းစပ်ကနေခုန်လိုက်ရင် ကျောက်ဖျာပေါ်ရောက်တယ်။ ကျောက်ဖျာကနေ ထပ်ခုန်လိုက်ရင် သစ်သီးမျိုးစုံဝေစည်တဲ့ ကျွန်းပေါ်ကိုရောက်ပြီး စားသောက်ပျော်မြူးနေတာပေါ့။

မျောက်မင်းဟာ နေ့စဉ် ကျွန်းပေါ်ကို ခုန်ကူးစားသောက်လိုက်၊ ကမ်းစပ်ကို ပြန်လာလိုက်နဲ့နေတာကို မိကျောင်းမက မြင်ရဖန်များလာပြီး မျောက်မင်းရဲ့ နှလုံးသားကို စားလိုတဲ့ချင်ခြင်းဖြစ်ပေါ်လာလို့ ပြောဆိုပူစာတဲ့အခါ မိကျောင်းဖိုကြီးက မျောက်မင်းကို ဖမ်းနိုင်ဖို့ကြံစည်တော့သတဲ့ကွယ်။

"အလို ဒီနေ့တော့ မြစ်ရေက တိုးလည်းမတိုး၊ လျော့လည်းမလျော့ဘဲ ကျောက်ဖျာက အလိုလိုမြင့်နေပါကလား။ မိကျောင်းက ငါ့ကို ဖမ်းဆီးဖို့ဝပ်ပြီး စောင့်နေသလော စမ်းသပ်ဦးမှပါပဲ"

မျောက်မင်းက အသိသတိအမြဲကပ်ပြီး ဝန်းကျင်ကိုစူးစမ်းကာ တီးတိုးရေရွတ်ကာ စူးစမ်းတော့တာပေါ့။

"အလို ကျောက်ဖျာ၊ ကျောက်ဖျာရေ"

စမ်းသပ်မှုကို မျောက်မင်းက တစ်ကြိမ်ခေါ်ကြည့်ပြီး ဆက်လက်ခေါ်ကြည့်ဖို့စိတ်ကူးရကာ သုံးကြိမ် သုံးခါ ခေါ်ကြည့်လိုက်လေတယ်။ ကျောက်ဖျာဟန်ဆောင်ထားတဲ့ မိကျောင်းဖိုကြီးက အသံတိတ်နေလေသတဲ့။

"အလို ကျောက်ဖျာကြီး ဒီနေ့မှ ဘာအလိုမကျလို့ ငါ့ကို စကားပြန်မပြောရတာလဲ။ ဘာများအလိုမကျဖြစ်နေရတာလဲ"

မျောက်မင်းရဲ့ စကားသံအဆုံးမှာ မိကျောင်းက အရင်ရက်တွေမှာ ကျောက်ဖျာက စကားပြန်ပြောဟန်တူပါရဲ့ဟု အတွေးရောက်ပြီး မျောက်မင်းကို စကားပြန်ပြောလေတော့တယ်။

"အသင် မျောက်မင်း၊ ငါအိပ်ပျော်နေလို့ပါ။ ဘာအကြောင်းများရှိပါသလဲ"

"ဩော်အဆွေတော်က ဘယ်သူဖြစ်ပါသလဲ"

"ကျုပ်လား၊ မိကျောင်းပေါ့ဗျာ"

"ဘာကြောင့် ကျောက်ဖျာမှာ လာဝပ်နေရတာလဲ၊ အကြောင်းတော့ရှိပေမပေါ့"

မျောက်မင်းရဲ့ အမေးကို မိကျောင်းအဖြစ်ဝန်ခံလိုက်မိပြီးဖြစ်လို့ မထူးတော့တဲ့အတွက် မိကျောင်းဖိုကြီးက အကြောင်းရင်းကို အမှန်အတိုင်းပြန်ပြောလိုက်တယ်ကွယ့်။

"အမှန်အတိုင်းပြောရရင် သင့်ရဲ့ နှလုံးသားကို အလိုရှိလို့ ငါစောင့်နေတာ"

"ဒီလို အမှန်အတိုင်းကြားရလို့ ဝမ်းသာလိုက်တယ်။ ဒီအတွက်ကြောင့် ငါ့ရဲ့ကိုယ်ကို အဆွေတော်အား စွန့်တော်မူမယ်။ အဆွေတော်ထံသို့ ငါခုန်ကူးလာတဲ့အခါ ခံတွင်းကိုအသင့်ဖွင့်ပြီးဖမ်းလိုက်ပေတော့ပေါ့"

မျောက်မင်းက ကမ်းစပ်သို့ပြန်စရာ အခြားလမ်းမရှိတဲ့အတွက် မိကျောင်းဖိုကြီးကို ပရိယာယ်သုံးကာ ပြန်လည်ပြောလိုက်တဲ့အခါ မိကျောင်းဖိုကြီးက ပါးစပ်ဟာပြီး မျောက်မင်းကိုဖမ်းဖို့ အသင့်ပြင်ထားသတဲ့။ မိကျောင်းဆိုတာ ပါးစပ်ဟာလိုက်ရင် မျက်စိကအလိုလိုမှိတ်ပြီးသားဖြစ်သွားတာကို မျောက်မင်းကသိနေတဲ့အတွက် မျောက်မင်းက ကျွန်းငယ်ကနေခုန်ပြီး မိကျောင်းဖိုကြီးကို နင်းကာ တစ်ဖက်ကမ်းကို ခုန်ကူးသွားနိုင်လို့ အသက်ဘေးကနေ လွတ်ငြိမ်းချမ်းသာရာ ရသွားတော့သတဲ့ကွယ်။

ခေမံ။

ဘေးရန်ဥပဒ်မရှိခြင်း၊ ကိလေသာရန်ဟူသမျှ ကင်းဝေးခြင်း၊ ကြောက်ရွံ့ထိတ်လန့်မှုဘေးမရှိခြင်း၊ ဘေးရန်ဥပဒ်ကင်းရမယ်"လို့ မြန်မာလို အဓိပ္ပာယ်ဖော်ဆောင်တဲ့ မှတ်သားစရာ (၅၅၀) ဇာတ်တော်လာ ပုံဝတ္ထုတစ်ခုပါပဲ။

သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက်သာမက လူတိုင်းလူတိုင်း အသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် "စိတ်ဓာတ် ကြံ့ခိုင်ရေးမင်္ဂလာ" နည်းနာတွေပေါ့ကွယ်။ ။

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၂၅)

ဦးမင်းဟန်(ဘီအေ)

"ပူစူးမရေ မောင်ထူးကတော့လုပ်ချလိုက်ပြန်ပြီသိလား။ ခုလည်း ဆရာမက စကားမဆုံးသေးဘူး၊ သူက သိလိုဇောနဲ့ စကားမဆုံးခင်မှာ ဖြတ်ဖြတ်မေးနေတာ ကြားရတာမကောင်းဘူးပေါ့"

"ငါကကော ဘာတွေဖြစ်နေတာမို့လို့လဲ ကိုဦးရဲ့။ ဆရာမပြောတာကို နားမရှင်းလို့ပြန်မေးတာပေါ့။ ဒီလောက်တောင် မမေးရတော့ဘူးလား။ ပြောပါဦး ပြောစမ်းပါဦး၊ မင်းတို့က အကဲကို ပိုလွန်းတာပါ"

"ဟဲ့- နင်တို့နှစ်ယောက်က မဖြစ်စဖူးအဖြစ်ထူးနေပြန်ပါပြီ။ ငါနဲ့ ဖြစ်တယ်ဆိုရင်တော့ ထားပါတော့။ ခုတော့ ကိုဦးကပါ ပွင့်ထွက်လာပြီ ဆိုတော့၊ မောင်ထူးရေ နင်ဘာတွေလုပ်ထားပြန်ပြီလဲ ငါ့ဘာရှင်းပေးရမလဲ ပြော"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့အပြန်အလှန် စကားများနေကြသည်ကို ဘိုးလေးကြွက်က နားမရှင်းသဖြင့် စကားမစဘဲ ရေနွေးကြမ်းပူပူ တစ်ခွက်ကို တဖြည်းဖြည်းမှုတ်သောက်နေရင်း အသာနားစွင့်နေသည်။

"မောင်ထူး၊ နင် ငါပြောတာကို ကြားလား။ ငါ့စကားကို ဆုံးအောင် နားထောင်ဦး၊ ငါစကားပြောတာက မဆုံးသေးဘူး။ နင်သိလိုဇောနဲ့ ဖြတ်ပြောဖို့ မကြိုးစားနဲ့ကြားလား။ ငါ.."

"ဘာကို ကြားရမှာလဲ ဆိုစမ်းပါဦး၊ ပူစူးမရာ နင်က ငါ့ဆို ဆရာမကြီး သိပ်လုပ်တာပဲ၊ ဟင်းဟင်း"

"ခုပဲကြည့်လေ၊ ငါ့စကားက မဆုံးသေးဘူး။ နင်ပြောချင်တာကိုပဲ ပြောတယ်။ နင်ကတော့ဟာ စကားကို ပြီးဆုံးအောင်နားထောင်ရပါတယ်ဆိုမှပဲ။ အဆုံးအထိနားထောင်ပြီးမှ နင်ပြောချင်တာကို ဆက်ပြောပေါ့။ ခုတော့ ဘာဖြစ်လို့များစကားကို ကြားဖြတ်ပြီး လုပြောချင်နေရတာလဲ။ ကိုဦးပြောတာလဲ ဒါပဲဖြစ်မှာ။ ပြောလိုက်ရင်လည်း မကြိုက်ဘူး၊ စိတ်ကလည်း ဆိုးချင်သေးတယ်"

ပူစူးမကပြောပြောဆိုဆိုဖြင့်ပင် မောင်ထူးအား မျက်စောင်းထိုးလိုက်သည်။ မောင်ထူးကတော့ မကျေမချမ်းဖြင့် လက်သီးဆုပ်ပြလိုက်ရင်း ဘိုးလေးကြွက်ကိုလည်း မသိမသာလှမ်းကြည့်ကာ အကဲခတ်လိုက်သည်။

"မြေးတို့ အငြင်းပွားနေကြပြန်ပြီ။ ဘိုးလေးပြောထားတယ် မဟုတ်လား။ စကားပြောတဲ့အခါမှာ တစ်ယောက်ပြောတဲ့စကားဆုံးမှ နောက်တစ်ယောက်က ဆက်ပြောရတယ်လေ။ စကားကို လုမပြောရဘူး။ သိလိုဇောနဲ့ မဆုံးသေးတဲ့စကားကို ကြားဖြတ်မပြောရဘူး။ ပြီးဆုံးအောင်ခဏစောင့်ပြီးမှ ပြန်ပြောတာဟာ ယဉ်ကျေးတဲ့သူဖြစ်တာပေါ့"

"ဟုတ်ကဲ့ပါ ဘိုးလေး"

"ဘိုးလေးရေ ဒါဆိုရင် မောင်ထူးက ယဉ်ကျေးမှုမရှိတာပေါ့နော်"

ကိုဦး၏စကားအဆုံးမှာ ပူစူးမက မောင်ထူးကို အခွင့်သင့်စဉ် ဝင်နှက်လိုက်ရာ မောင်ထူးက မျက်မှောင်ကြုတ်နေတော့၏။

"ဒီလိုလည်းမဟုတ်သေးပါဘူး။ မောင်ထူးက ယဉ်ကျေးမှုရှိပြီးသားပါ။ တစ်ခါတလေတော့လည်း အမှတ်မထင်စကားလုပြောရင်း ဖြစ်တတ်တာပါပဲ။ နောက်ဆို ဆင်ခြင်လိုက်ရင် အဆင်ပြေသွားမှာပါ"

"ဟုတ်ကဲ့ပါ ဘိုးလေး။ နောက်ဆို မြေးက သတိထားဆင်ခြင်လိုက်ပါ့မယ်"

"ပြောတာကတော့ ဒီလိုပါပဲ ဘိုးလေးရာ။ ပြောလိုက်ရင်တော့ ဆင်ခြင်ပါ့မယ်ဆိုတာချည်းပဲ။ နောက်တော့သာ စကားပြောရင်း ဖြစ်ဖြစ်သွားတာ။ ကျောင်းမှာလည်း အဲဒါကြောင့် ဆရာမကပြောတာ။ စကားကို ဘယ်တော့မှဆုံးအောင် နားမစွင့်ဘူးတဲ့။ နားစွန်နားဖျားနဲ့ မှတ်ချင်တာ မှတ်တော့တာ။ နောက်မှ သိလိုဇောနဲ့ ပြောချင်တာကို ပြောတော့တာပဲတဲ့။ ဆရာမက သမီးကိုမှာလိုက်တယ်။ မောင်ထူးကို သေချာရှင်းပြလိုက်ပါတဲ့၊ အဲဒါကို မြေးကပြောမလို့ဟာ လိုရင်းမရောက်ဘူးဖြစ်နေတာ။ စကားကို စနေတုန်း ရှိသေးတယ်၊ ဖြတ်ဖြတ်ပြောတော့ လိုရင်းမရောက်တော့ဘူးပေါ့။ မောင်ထူးရဲ့ ကြားဖြတ်ဖြတ်ပြီး ဝင်ပြောနေလို့ စကားက လိုရင်းလည်းမရောက်၊ စကားလည်းမဆုံးနိုင်ဖြစ်နေရတာပါ ဘိုးလေးရာ"

"သြော်... ဒီလိုကြီးလား၊ ငါက အဲဒီလောက်တောင်ဖြစ်နေတာပေါ့နော်၊ ဆင်ခြင်ပါ့မယ်ဗျာ ဆင်ခြင်ပါ့မယ်"

"ကြည့်ကြည့် ဘိုးလေး။ ပုံစံကိုက ထောင့်မကျိုးဘူး။ ဒီလောက်ပြောနေတာတောင် ပြောင်ဖြဲဖြဲနဲ့"

ပူစူးမ၏စကားအဆုံးမှာ မောင်ထူးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြန်ပြောလိုက်သည့်စကားကြောင့် ပူစူးမတစ်ယောက် ပိုမိုဒေါသထွက်ကာ ခပ်ဆတ်ဆတ်ပြန်ပြောလိုက်ခြင်းဖြစ်သည်။ ဘိုးလေးကြွက်က မောင်ထူးနှင့် ပူစူးမတို့ကို ကြည့်လိုက်ရင်း လေအေးအေးဖြင့် စကားဆက်သည်။

"မြေးတို့အားလုံးက ယဉ်ကျေးမှုရှိပြီးသားတွေပါ။ ကျောင်းမှာရော အိမ်မှာရော၊ အရပ်ထဲမှာရော ပြောဆိုဆက်ဆံတဲ့အခါမှာ သတိလေး ကပ်ပြီး မင်္ဂလာတရားနဲ့အညီ ပြောဆိုကြရမယ်ဆိုရင် အဆင်ပြေပါတယ်"

"ဟုတ်ကဲ့ဘိုးလေး။ မြေးတို့ကတော့ အစဉ်အမြဲလိုက်နာနေပါတယ်.."

"ဘယ်လို၊ ဘယ်လို။ မြေးတို့ကတော့ အစဉ်အမြဲလိုက်နာပါတယ်ဆိုတော့ ငါကမလိုက်နာဘူးလို့ ဆိုလိုတာလား။ ပူစူးမနော် နင့်စကားက အနှောင့်အသွားမလွတ်ဘူး"

"ခုပဲပြောတယ် တွေ့လားဘိုးလေး။ မြေးပြောတဲ့စကား မဆုံးသေးဘဲနဲ့ ဖြတ်ပြောပြန်ပြီ အဲဒါကြောင့်ဖြစ်နေရတာပေါ့။ မောင်ထူးကတော့..."

ဘိုးလေးကြွက်က ပူစူးမပြောနေသည့်စကားကို လက်ပြတားလိုက်ပြီး မောင်ထူးကိုလှမ်းကြည့်ကာ ဖြည်းဖြည်းချင်းဆက်ပြောသည်။

"ဒီနေရာမှာက စိတ်အခံမကောင်းလို့ဖြစ်ရတာပါ။ စိတ်ထဲမှာ ခိုးလိုးခုလုဖြစ်နေတော့ မောင်ထူးအနေနဲ့ ပူစူးမပြောသမျှကို နားမဝင်နိုင်ဘူးပေါ့။ ပူစူးမက ဘယ်လောက်ကောင်းအောင်ပြောပြော မောင်ထူးက အကောင်းမမြင်နိုင်ဖြစ်နေတာ။ ဟုတ်တယ်နော်"

"ဟုတ်ပါတယ်ဘိုးလေး။ မြေးက စိတ်အဆင်မပြေသေးလို့ပါ"

"အေးကွယ့်၊ ဘိုးလေးလည်း အဲဒီအကြောင်းကို ပြောချင်တာ မောင်ထူးရဲ့။ တစ်ယောက်နဲ့တစ်ယောက် စိတ်အစာမကြေဖြစ်တတ်ကြတာပါပဲ။ ဒါပေမဲ့ ချက်ချင်းဖြေဖျောက်နိုင်ရမယ်။ မြန်မြန်ဖြေဖျောက်နိုင်ရင် မြန်မြန်အေးချမ်းတာပဲပေါ့။ အေးချမ်းပြီး စိတ်ရှင်းမှပဲ စကားပြောရတာအဆင်ပြေတယ်နော် မှတ်ထားကြဦး"

"ဟုတ်ကဲ့ ဘိုးလေး၊ မှတ်သားထားပါ့မယ်"

"ကျောင်းစာသင်ခန်းထဲမှာဆိုရင် ပိုပြီးသတိထားရမှာပေါ့။ အားလုံးက အတန်းဖော်တွေပဲ။ ချစ်ခင်ရင်းနှီးပြီးသားတွေလေ။ ပြီးတော့ ဆရာ ဆရာမတွေကို လေးစားတန်ဖိုးထားတတ်ရမယ်။ ရိုကျိုးရမယ်။ မရှိမသေ မလေးမစားအမူအရာမျိုး ဘယ်သောအခါမှ မပြုမူရဘူး။ ယဉ်ကျေးသိမ်မွေ့စွာနဲ့ ဆရာ ဆရာမတွေရဲ့စကားကို နားထောင်လိုက်နာကြရမယ်။ ဆရာ ဆရာမတွေရဲ့ပြောစကားကို သေချာနားစွင့်ထားနိုင်ရမယ်။ နားမရှင်းရင် သိလိုဇောနဲ့ ကြားဖြတ်မပြောရဘူး၊ ဆရာ ဆရာမရဲ့စကားဆုံးတော့မှ ချိုသာစွာနဲ့ပြန်မေး၊ ပြန်ပြောရမယ်နော်"

"ဟုတ်ကဲ့ပါဘိုးလေး။ မြေးတို့အားလုံး လိုက်နာကျင့်ဆောင်ကြပါမယ်လို့ ကတိပေးပါတယ်"

"သာဓုကွယ် သာဓု သာဓု"။ ။

---

# ကပ်ပုံကပ်နည်း




ကျွန်တော်တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အားလျော်စွာ သဗ္ဗညုဘုရားရှင်၏ သာသနာတော်၌ သာသနာတွင်း ကုသိုလ်ပုညတစ်ခုအဖြစ်ဖြင့် ဆွမ်းစသည့်လှူဒါန်းခြင်း စသောအလှူဒါနတစ်ခုခုနှင့်မကင်းနိုင်ကြချေ။

ထိုသို့ မကင်းနိုင်သည့်အားလျော်စွာ ကိုယ်ထိလက်ရောက်လည်း ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ် စသည့်လှူဒါန်းသည်ကိုလည်း တွေ့ဖူးပေါင်းများလေပြီ။

သို့သော် ဤသို့ ဆွမ်း၊ ဘောဇဉ် အချိုအချဉ်စသည်တို့ကို ဆက်ကပ်ရာ၌ မိမိဆက်ကပ်လိုက်သည့် ဆွမ်းစသည်များ အကပ်မြောက်အောင် ကပ်နိုင်ဖို့အရေးကြီးပေသည်။ အကပ်မြောက်ပါမှလည်း ဘုဉ်းပေးသုံးဆောင်သည့် ရဟန်းတော်များ ဝိနည်းအပြစ်မှ ကင်းရှင်းကြမည်ဖြစ်သည်။

မှန်သည်၊ ရဟန်းတော်များအဖို့ ရေနှင့် တံပူမှလွဲ၍ ဘာအစားအစာကိုမျှ အကပ်မခံဘဲ မဘုဉ်းပေး (မစား)ကောင်းချေ။ အကယ်၍ ဘုဉ်းပေးမိပါက ပါစိတ်အာပတ် ခေါ် ဝိနည်းအပြစ်ရရှိလေသည်။ အာပတ်သင့်လေသည်။ (တံပူ-ဟူသည် သွားတိုက်ရန် တမာကိုင်း၊ ကြက်မောက်ကိုင်းသား စသည်ကိုသေသပ်စွာပြုလုပ်ထားသော အချောင်း၊ အတံဖြစ်သည်။

ဤသို့အကပ်မခံဘဲ ဘုဉ်းမပေးကောင်းသဖြင့် ကျွန်တော်တို့က ဆွမ်းခဲဖွယ်စသည်တို့ကို ဆက်ကပ်နေရခြင်းဖြစ်သည်။ ထိုသို့ကပ်ရာ၌ ကပ်လိုက်သည့် ပစ္စည်းများ အင်္ဂါငါးချက်နှင့်ညီမှ အကပ်မြောက်လေသည်။ ထိုအင်္ဂါငါးချက်ကို ရှေးဆရာတော်များ လင်္ကာစီကုံးထားလေသည်။ ယင်းလင်္ကာမှာ-

"ရှေ့ရှုလည်းဆောင်၊ နှစ်တောင့်ထွာရောက်၊ မြောက်နိုင်ဝတ္ထု၊ သုံးခုပေးခြင်း၊ ခံခြင်းနှစ်လောက်၊ ကျမ်းလာမြောက်၊ ကပ်မြောက်အင်္ဂါငါးပါးတည်း" ဟူ၍ဖြစ်သည်။

အဆိုပါလင်္ကာအဓိပ္ပာယ်မှာ ဤသို့ဖြစ်သည်။

၁။ ကပ်မည့်သူက အကပ်ခံမည့်ရဟန်းသို့ ကပ်မည့်ပစ္စည်းကို ရှေးရှုညွတ်ကိုင်း၍ ထိုးပေးရခြင်း။

၂။ ကပ်သူသည် အကပ်ခံရမည့်ရဟန်းနှင့် နှစ်တောင့်ထွာ ဟတ္ထပါသ် အကွာအဝေးမှာ တည်ရှိနေရခြင်း။

၃။ ကပ်မည့်ပစ္စည်းမှာ အားအလယ်အလတ်ရှိသော ယောကျ်ားတစ်ယောက် မြောက်ချီနိုင်သော ဝတ္ထုပစ္စည်းမျိုးဖြစ်ရခြင်း။

၄။ ကပ်သူက ကပ်မည့်ပစ္စည်းကို (က) တိုက်ရိုက် လက်နှင့်ကိုင်၍ဖြစ်စေ (ခ) ပန်းကန်၊ လင်ပန်း စသည်တို့နှင့် ထည့်၍ဖြစ်စေ (ဂ) လက်နှင့် ပင့်၍ဖြစ်စေ ဤသုံးမျိုးအနက် တစ်မျိုးမျိုးဖြင့် ဆက်ကပ်ရခြင်း။

၅။ အကပ်ခံသူကလည်း (က)တိုက်ရိုက် လက်နှင့်ဖြစ်စေ၊ (ခ) လက်နှင့် ကိုင်ထားသောခွက်၊ တုတ်စသည့် တစ်ခုခုနှင့်ခံ၍၊ ထိ၍ဖြစ်စေ ဤနှစ်မျိုးအနက် တစ်မျိုးမျိုးဖြင့် အကပ်ခံခြင်းဟူသော ဤအင်္ဂါငါးမျိုးနှင့်ညီမှ အကပ်မြောက်လေသည်။

ထိုအင်္ဂါငါးချက်တွင် ကျွန်တော်တို့ သတိလစ် ချို့ယွင်းတတ်သည်မှာ နှစ်တောင့်ထွာအတွင်းကနေ၍ မကပ်မိတတ်ခြင်းပင်ဖြစ်သည်။ ယခုအခါ၌ ရောမဆွမ်းစား စားပွဲဝိုင်းကြီးများအလယ်က ခြား၍ မျက်နှာချင်းဆိုင်ကပ်ကြရာ၌ နှစ်တောင့်ထွာထက် ဝေးကွာနေသဖြင့် အကပ်မမြောက်ဘဲရှိနိုင်သည်။ ထို့ကြောင့် အချို့ဆရာတော်များက "အနားတိုးကပ်" ဟု သတိပေးတတ်ကြခြင်းဖြစ်သည်။

နှစ်တောင့်ထွာ တိုင်းတွာရာ၌ အကြမ်းဖျင်းအားဖြင့် နောက်ဘက်အချင်းချင်းတိုင်းရသည်။ ဥပမာ မျက်နှာချင်းဆိုင်ဖြစ်ပါက ရဟန်း၏ နောက်ဘက်တင်ပါးစွန်းနှင့်ကပ်သူအနေအထားအလိုက် ရပ်ကပ်က ဖနောင့်စွန်း၊ ထိုင်ကပ်က တင်ပါးစွန်းနှင့် စသည်ဖြင့်တိုင်းရသည်။

ဤတိုင်းတာနည်းကို မှတ်သားထားပြီး ဆွမ်းစသော ပစ္စည်းမှမဟုတ်၊ ဘာပစ္စည်းကိုမဆို ဆက်ကပ်ရာ၌ နှစ်တောင့်ထွာအတွင်းကနေ၍ ကပ်မိလေအောင် သတိရှိကြရပေမည်။

ဤသို့ဖြင့် ကျွန်တော်တို့သည် ကျွန်တော်တို့နှင့် နီးနွယ်စပ်ဆိုင်နေသော ဝိနည်းကံကိစ္စလေးများကို နားလည်ထားမည်ဆိုပါက သာသနာတော်ကို အဆင့်မြင့်မြင့်နှင့် ကိုးကွယ်ဆည်းကပ်နိုင်ပါမည်။ ။



## မိုင်းယောင်းမြို့နယ်၌ ဆရာတော်သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

ကျိုင်းတုံ မတ် ၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသအသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ မတ် ၇ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဝမ်ဇလီလော်ကျေးရွာ ထေရဝါဒတောင်တန်းသာသနာပြုကျောင်း၌ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးပိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်သာသနာရေးမှူး ဦးမြတ်ကိုဦးနှင့် တာဝန်ရှိသူများက မိုင်းယောင်းမြို့နယ် မုန်းလိုက်ကျေးရွာအုပ်စု ဝမ်ဇလီလော်ကျေးရွာ ထေရဝါဒတောင်တန်းသာသနာပြုကျောင်းရှိ ဆရာတော်နှင့် ရှင်သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

## (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲသာ-ကမော့ကစင်-နောင်ခလိုင်-ကျောက်ကလပ် ကွန်ကရစ်လမ်းသစ်ဖွင့်

ဘားအံ မတ် ၇

(၇၈)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ငွေစင်ဆန်းသစ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော ရဲသာ-ကမော့ကစင်-နောင်ခလိုင်-ကျောက်ကလပ်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို မတ် ၆ ရက် နံနက် ၈ နာရီခန့်တွင် အဆိုပါလမ်း မုခ်ဦး၌ ကျင်းပသည်။



လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ဖွင့်လှစ်သော လမ်းသည် ဘားအံ - အိန္ဒူ- ကော့ကရိတ် - မြဝတီအာရှလမ်းမကြီးနှင့် ဘားအံမြို့ရှောင်လမ်းအား ဖြတ်လမ်းသဖွယ်ချိတ်ဆက်ပေးထားသည့် လမ်းဖြစ်သည့်အပြင် ကျောက်ကလပ်စေတီတော်၊ ဖွဲ့ကပင်ဆံတော်ရှင်စေတီတော်နှင့် ဆဒ္ဒန်လိုဏ်ဂူတော်သို့ ဒေသခံပြည်သူများ၊ ဘုရားဖူးခရီးသွားဧည့်သည်များ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ပြီး ပြည်နယ်၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစောကျော်ဝင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ညွှန်ကြားရေးမှူး(မြို့ပြ)က လမ်းဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် တာဝန်ရှိသူများက ရဲသာ-ကမော့ကစင်- နောင်ခလိုင်- ကျောက်ကလပ်လမ်းကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါလမ်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ၁၄ ပေအကျယ် ကွန်ကရစ်လမ်း ၁ မိုင် ၅ ဖာလုံ၊ ပေ ၂၀ ကွန်ကရစ်တံတားတစ်စင်းနှင့် Box Culvert တစ်စင်းတို့ကို တင်ဒါအောင်မြင်ငွေကျပ် ၆၉၀ ဒသမ ၂၀၂ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့ရာ ကျေးရွာခုနစ်ရွာ၊ အိမ်ခြေ ၆၅၇ အိမ်နှင့် လူဦးရေ ၄၆၉၅ ဦးတို့အား အကျိုးပြုစေမည်ဖြစ်သည်။

ပြည်နယ်(ပြန်/ဆက်)

## မရမ်းကုန်းမြို့နယ်၌ နေ့ရာသီပန်းချီသင်တန်း ဖွင့်လှစ်

မရမ်းကုန်း မတ် ၇

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ယမန်နေ့မွန်းလွဲ ၁ နာရီက အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် မြို့နယ်စာရေးဆရာ မြေလတ်ထင်ကျော်မိုး၊ ဆရာဦးကျော်ဇင်ဝင်းနှင့် ပန်းချီဆရာမ လမင်းအိမ်တို့က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးအောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို မတ် ၆ ရက်မှ ၁၀ ရက်အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ(အခမဲ့)သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၁၅ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၇၀ | ၂၂၄၅ | ၂၃၄၅ | ၂၃၆၀ | ၂၂၅၅ | ၂၂၆၀ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၂၈၁၀ |
| 95 Ron | ၂၂၉၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၉၅ | ၂၃၃၅ | ၂၃၆၀ | ၂၃၄၅ | ၂၃၂၀ | ၂၄၂၀ | ၂၄၃၅ | ၂၃၂၅ | ၂၃၄၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၇၅ | ၂၆၀၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၂၆၀ | ၂၃၁၀ | ၂၃၁၀ | ၂၂၇၀ | ၂၃၁၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၄၁၅ | ၂၄၁၀ | ၂၃၀၀ | ၂၃၁၅ | ၂၃၄၅ | ၂၃၅၀ | ၂၃၅၀ | ၂၅၈၀ | ၃၁၆၀ |
| HSD (50 ppm) | ၂၃၄၀ | ၂၃၉၀ | ၂၃၉၀ | ၂၃၅၀ | ၂၃၉၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၇၅ | ၂၄၉၅ | ၂၄၉၀ | ၂၃၈၀ | ၂၃၉၅ | ၂၄၂၅ | ၂၄၃၀ | ၂၄၃၀ | ၂၆၆၀ | ၃၁၉၀ |
| HSD (10 ppm) | ၂၃၄၀ | ၂၃၉၀ | ၂၃၉၀ | ၂၃၅၀ | ၂၃၉၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၇၅ | ၂၄၉၅ | ၂၄၉၀ | ၂၃၈၀ | ၂၃၉၅ | ၂၄၂၅ | ၂၄၃၀ | ၂၄၃၀ | ၂၆၆၀ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၂ | ၂၁၇၈ |
| 95 Ron | ၂၁၇၄ | ၂၂၅၁ |
| HSD (500 ppm) | ၂၁၅၃ | ၂၂၂၅ |
| HSD (50 ppm) | ၂၂၂၇ | ၂၃၀၁ |
| HSD (10 ppm) | ၂၂၂၇ | ၂၃၀၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၇

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ထွက်ခွာလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာသို့ရောက်ရှိရာ ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြသည်။ အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ကျောက်နီမော်ကျေးရွာရှိ တိုက်နယ်ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ယင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၇၅၈ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၂၃ ဦး၊ ခွဲစိတ်ရောဂါ ၄၇ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၁၄ ဦး၊ ကလေးရောဂါ ၂၇ ဦး၊ အရိုးရောဂါ ၁၄၃ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၇၂ ဦး၊ မျက်စိရောဂါ ၂၀၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၃၂ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ







ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာငါးဦး၊ မျက်စိခွဲစိတ်လူနာ ၁၀ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၆ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၇၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ နှစ်ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

မျက်စိက ကြည့်လို့မကောင်းလို့ ဆေးရုံသင်္ဘောကြီးရောက်လာပြီး ဆေးရုံသင်္ဘောကြီးပေါ်မှာ မျက်စိကအစ တခြားသောရောဂါတွေဖြစ်တဲ့ အရိုးအကြောတွေပါတယ်ဆိုတော့ ဝမ်းသာအားရနဲ့ လာရောက်ပြသတာပါ။



သက်ဆိုင်တဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးကတစ်ဆင့် အသိပေးတဲ့အတွက် သိရပါတယ်။ ဒေသကကျန်းမာရေးနှင့်ပတ်သက်ပြီး အတော်အားနည်းပါတယ်။ မပြည့်စုံတဲ့သူတစ်ယောက်အနေနဲ့ အဝေးတစ်နေရာ သွားရောက်ကုသမယ်ဆိုရင် ကုန်ကျစရိတ်က အတော်များပါတယ်။ မတတ်နိုင်ကြပါဘူး။ မတတ်နိုင်တဲ့အတွက် ဖြစ်သလိုဆေးမီးတိုလေးတွေနဲ့ ကုသကြရပါတယ်။ အခုလိုလာပြီး ကုသပေးတဲ့အတွက် အဆင်ပြေသွားပါတယ်။ ဒေသခံတွေကလည်း ပိုပြီး ဝမ်းသာအားရဖြစ်မိပါတယ်။ အထူးသဖြင့် ဒီလိုမျိုးဖြစ်မြောက်အောင် လုပ်ဆောင်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်တကွ သမားတော်ကြီးတွေ၊ ပါရဂူကြီးတွေ၊ ကျန်းမာရေးဝန်ထမ်းတွေ အကုန်လုံးဝိုင်းဝန်းပံ့ပိုးကြတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ ဖြစ်နိုင်လို့ရှိရင် နောက်နောင်နှစ်တွေမှာ အခုလိုလာရောက်ပြီး ကျွန်တော်တို့နေရာဒေသရဲ့ ကျန်းမာရေးအားကောင်းအောင် လာရောက်ကုသပေးစေချင်ပါတယ်။

ကျွန်တော်တို့ဒေသက ကျန်းမာရေးနဲ့ပတ်သက်ပြီး အခက်အခဲတွေ အများကြီးရှိပါတယ်။ ရမ်းဗြဲကိုသွားမယ်ဆိုရင် ဒီကနေ ၂၅ မိုင်လောက်သွားရပါတယ်။ လမ်းခရီးကလည်း မကောင်းပါဘူး။ တချို့လူနာတွေဆိုရင် ဆေးကုသမယ့်စရိတ်ကို ခရီးသွားရင်းနဲ့ ကားငှားရင်းနဲ့ပဲ ပိုက်ဆံတွေကုန်သွားတယ်။ အခုလို တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)က ကျွန်တော်တို့ဆီမှာ ဒီလိုပါရဂူတွေ၊ ဆရာဝန်တွေ အများနဲ့လာပြီး ဆေးကုတော့ ကျွန်တော်တို့စိတ်ထဲမှာ အများကြီးဝမ်းပန်းတသာ ဖြစ်ရပါတယ်။ အခုဆိုရင် ဆေးရုံရေယာဉ်ထဲမှာ လူတွေအများကြီးပဲ ဝမ်းသာရပါတယ်။ ကျွန်တော့်တစ်သက်မှာလည်း ဒါပထမဦးဆုံး မြင်တွေ့ရတဲ့အတွက် အများကြီးဝမ်းသာရပါတယ်။ အများကြီးကျေးဇူးတင်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့နိုင်ငံသားတွေရဲ့ အပေါ်မှာ အခုလိုစေတနာထားပြီးတော့ အဆမတန်ဝေးလံခေါင်ဖျားတဲ့ နေရာတွေကို ကျန်းမာရေးကုသနိုင်အောင် စီမံဆောင်ရွက်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုကျွန်တော်နိုင်ငံသားတစ်ယောက်အနေနဲ့ရော အခုလိုလာပြီးတော့ ဆေးကုလာရတဲ့ မိဘပြည်သူတွေအနေနဲ့ရော သူတို့ရဲ့ကိုယ်စား အထူးပဲကျေးဇူးတင်ပါတယ်။

သတင်းစဉ်

○ အာရှဖလားမှ

တစ်ရက်လျှင်တစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး ပထမပွဲအဖြစ် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် မြန်မာအသင်းနှင့် အိမ်ရှင်ကမ္ဘောဒီးယားအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု (G) ပွဲစဉ်များကို ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုအနေအထားအရ နောက်တစ်ဆင့်တက်ရောက်ရန် အခြေအနေကောင်းနေသော်လည်း ပထမပွဲဖြစ်သောကြောင့် အမှားမခံဘဲ အမှတ်ပြည့်ရရန် ကြိုးပမ်းရမည်ဖြစ်သည်။

မြန်မာနှင့် ကမ္ဘောဒီးယားအသင်းတို့၏ပွဲကြိုသတင်းစာရှင်းလင်းပွဲကို မတ် ၇ ရက်က ကျင်းပရာ မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းနည်းပြချုပ် ဒေါ်စန်းစန်းသိန်းနှင့် အသင်းခေါင်းဆောင် ဖြူဖြူဝင်းတို့ တက်ရောက်ခဲ့သည်။ နည်းပြချုပ် ဒေါ်စန်းစန်းသိန်းက "အသင်းက ကစားသမားအများစုက ကျောင်းသူတွေဖြစ်တဲ့အတွက် စာမေးပွဲနဲ့တိုက်ဆိုင်ပြီး ပြင်ဆင်ရတာ အခက်အခဲရှိခဲ့ပါတယ်။ ဒါပေမဲ့ အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် ပြင်ဆင်ထားပါတယ်။ အုပ်စုမှာ အာဆီယံဒေသတွင်း ပြိုင်ဘက်တွေနဲ့ တွေ့ဆုံနေပေမယ့်သူတို့ကလည်း တိုးတက်မှုတွေရှိလာပါတယ်။ အသင်းရဲ့ရည်မှန်းချက်က ခြေစစ်ပွဲအောင်မြင်ဖို့ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။ အသင်းခေါင်းဆောင် ဖြူဖြူဝင်းက "စာမေးပွဲကာလဖြစ်လို့ ကစားသမားတွေ စုစည်းလေ့ကျင့်တာ နည်းပါးခဲ့ပေမယ့် နည်းပြဆရာတွေက သေချာသင်ကြားပေးထားတဲ့အတွက် အကောင်းဆုံးယှဉ်ပြိုင်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF


## "ကန့်ကွက်နိုင်ပါကြောင်း"

ညောင်တုန်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၁၈)၊ အကွက်အမည်-တာဝတိံသာရပ်၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(၀.၀၄၉)ဧကရှိ ဘိုးဘပိုင်မြေအား ဒေါ်အေးအေးခိုင်[၁၄/ညတန(နိုင်)၀၈၄၆၀၆]၏ အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်အေးအေးခိုင် ၁၄/ညတန(နိုင်)၀၈၄၆၀၆**
**၀၉-၇၉၆၆၅၀၀၅၁**

## "ကန့်ကွက်နိုင်ပါကြောင်း"

ဓနုဖြူမြို့၊ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၇)အလယ်ပိုင်း၊ ဦးပိုင်အမှတ်(၁၄၀)၊ ဧရိယာ(၀.၀၄၀)ဧကရှိ ဘိုးဘပိုင်မြေအား ဒေါ်လှလှနိုင်[၁၄/ဓနဖ(နိုင်)၀၀၄၃၂၁]၏ အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်လှလှနိုင် ၁၄/ဓနဖ(နိုင်)၀၀၄၃၂၁**
**၀၉-၄၄၄၄၂၂၇၈၉**

## "ကန့်ကွက်နိုင်ပါကြောင်း"

ညောင်တုန်းမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၁၂)၊ အကွက်အမည်-ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ(၀.၀၆၀)ဧကရှိ ဘိုးဘပိုင်မြေအား ဦးမျိုးဟန်[၁၄/ညတန(နိုင်) ၀၀၃၇၁၇]၏ အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးမျိုးဟန် ၁၄/ညတန(နိုင်)၀၀၃၇၁၇**
**၀၉-၂၅၄၄၃၀၇၉၉**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ (၈၇)လမ်း၊ အမှတ်(၁၁)၊ (၄)လွှာနေ အာနူဝါဆာဒတ်[၁၁/မတန(နိုင်) ၀၃၀၄၄၃]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၅၃)၊ မြေညီ၊ တိုက်ကိုမျက်နှာမူလျှင်(ဘယ်ဘက်အခြမ်း)၊ ထပ်ခိုးပါ အကျယ်အဝန်းပေ(၁၅ x ၄၀)ရှိ တိုက်ခန်း တစ်ခန်းနှင့် ရေ၊ မီး၊ အစုံအပါအဝင် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးသန်းနု[၁၂/ပဘတ(နိုင်)၀၀၀၀၈၇]ကိုင်ဆောင်သူမှ အခန်းအမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေ အာနူဝါဆာဒတ်က ဝယ်ယူရန်ရောင်းဖိုးငွေ ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထား ပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မာမာသိန်း (LL.B)** **ဒေါ်နှင်းဝေလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂)** **အထက်တန်းရှေ့နေ(စဉ်-၅၄၃၀၅)**
**အမှတ်(၂၇၅) ပထမထပ်၊ ဗညားဒလလမ်းမ၊**
**အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၀၆၄၉၅၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ သုဇိတာ(၄)ဖြတ်လမ်း၊ မြေကွက်အမှတ်-၁၂၅၉၊ အကျယ်ပေ(၄၀x၆၀)ရှိ ရောင်းချသူ ဒေါ်လေလီ(ခ) ဒေါ်ဝါဝါဝင်းအမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရေမီးစုံပါ(၁)ထပ် လူနေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိထားပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်လေလီ(ခ)ဒေါ်ဝါဝါဝင်း [၇/တငန(နိုင်) ၀၅၁၈၀၀] ကိုင်ဆောင်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်ရင်ရင်လှ [၁၂/ဥကတ(နိုင်)၀၁၈၉၀၃] ကိုင်ဆောင်သူမှ စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအိမ်မြေ အရောင်းအဝယ်အားကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရင်ရင်လှ** **ဒေါ်လှိုင်ဝင်းထွဋ်(LL.B)**
**[၁၂/ဥကတ(နိုင်)၀၁၈၉၀၃]** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၇၉)**
**အမှတ်-၁၄၄၀၊ Central Tower ၊** **အမှတ်-၃၅(က)၊ ဗိုလ်အောင်ကျော်လမ်း၊**
**အနော်ရထာလမ်း၊** **(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**သဃ်္ဃန်းကျွန်းမြို့နယ်။** **ဖုန်း-၀၉-၄၂၀၂၉၃၈၈၇**


**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ကြပါစို့**


## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ကင်း(၁)ရပ်ကွက်၊ Golden City Condominium, Unit No(B6-12-05)၊ Block No (6)၊ ဧရိယာ(၅၁၇.၇၄) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသော Golden Land Real Estate Development Co.Ltd (ကိုယ်စား) ဒါရိုက်တာ ဦးမင်းမျိုးသန့် [၉/မထလ(နိုင်) ၁၈၃၇၈၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးနေလင်းကို[၁၂/ သကတ(နိုင်) ၁၄၁၁၅၇]၊ ဒေါ်လွင်အိအိသိန်း[၁၂/ဒဂန(နိုင်)၀၀၂၀၉၆]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီ ဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးနေလင်းကို၊ ဒေါ်လွင်အိအိသိန်းတို့၏လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်သူဇာကျော်**
**LL.B.D.B.L,D.I.L,D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-765602290**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန့်ရှီစလင်း မှတ်ပုံတင်အမှတ် [၁၂/အစန(နိုင်) ၀၂၈၈၅၉]ပတ်စ်ပို့စာအုပ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-976209723**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## “အများသိစေရန် ကြေညာချက်”

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့်ကံဘဲ့လမ်းထောင့်၊ The Central Residence Tower 1၊ (6)floor ၊ Unit K၊ (၈၁၄)စတုရန်းပေ(Net Floor Area)၊ (၁၀၁၂)စတုရန်းပေ (Gross floor Area)၊ အကျယ်ရှိ ကွန်ဒိုတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ MARGA LANDMARK DEVELOPMENT Co.,Ltd ထံမှ ရောင်းသူ ဒေါ်ခင်သူဇာမြင့်(ခ)နန်းစံ [၁၂/လသန(နိုင်)၀၁၄၆၃၉]မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းသူ အမည်ပေါက်တိုက်ခန်းဖြစ်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထွေးထွေးသန်း[၉/မကန(နိုင်) ၀၇၂၄၄]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤကွန်ဒိုတိုက်ခန်းအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုငြိမ်း LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်–၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၄၀၊ မြေကွက်အမှတ်(၈၃၉)၊ အကျယ်အဝန်း (အလျား ၄၀'x အနံ ၆၀') အနက်မှ မြေကွက်၏ခြေရင်းဘက် အကျယ်အဝန်း (အလျား ၂၀'x အနံ ၆၀')၊ (၁၂၀၀)စတုရန်းပေ၊ ဧရိယာ (၀.၀၂၇)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ သိန္ဓီလမ်း၊ အမှတ်(၈၃၉/ခ) ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြေချပါမစ်ရရှိသူ ဦးပြုံးချို (X/RGN–၀၀၀၀၉၃)ထံမှ(၉–၁၂–၂၀၁၇)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်နှင့်မြေ အပြီးအပိုင် အရောင်းအဝယ်စာချုပ်အရ လက်ရှိထားဝယ်ယူပိုင်ဆိုင်ကာ လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝေဝေလတ် (ဘ) ဦးထွန်းငွေ [၁၂/ဒဂတ(နိုင်) ၀၇၈၁၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် (၅–၃–၂၀၂၃)ရက်နေ့တွင် နှစ်ဦးသဘောတူမြေကွက်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူလက်ရောက်ရရှိထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြမြသင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၄၇၈၀)**
**အမှတ်– ၅၂၊ ပထမထပ်၊ ၇–လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၅၀၈၂၈၁၁**

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်နေ ဦးအောင်နိုင်ဦး၏ သားဖြစ်သူ မောင်ကျော်နိုင်သူအား မောင်ဟိန်းထက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပျောက်ဆုံးကြောင်း

ဦးဇင်လင်းထက် [၁၂/အစန (နိုင်) 187369] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်– M 356957 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09–250518497**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာချက်

